# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၂၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၆၀)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## နိုင်ငံခြားအကူအညီအထောက်အပံ့များကို နိုင်ငံနှင့်ဒေသဖွံ့ဖြိုးမှုအတွက် အကျိုးရှိထိရောက်စေရန်ဆောင်ရွက်လျက်ရှိ

## မိမိတို့အစိုးရအနေဖြင့် ပြည်သူတစ်ဦးချင်း၏ဝင်ငွေကို လက်ရှိအခြေအနေထက် (၃)ဆတိုးတက်အောင် ကြိုးပမ်းမည်

## နိုင်ငံနှင့် ပြည်သူတို့အတွက် အကျိုးအမြတ်သေချာမည့် စီမံကိန်းလုပ်ငန်းများရွေးချယ်ပြီး ချေးငွေရရှိရေးကြိုးပမ်း

## မိမိတို့အစိုးရ ဦးတည်ဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေးဖော်ဆောင်မှုနှင့် ဟန်ချက်ညီအောင် စီမံဆောင်ရွက်

နေပြည်တော် ဇွန် ၂၀

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံခြားအကူအညီအထောက်အပံ့များ စီမံခန့်ခွဲရေးဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။



### ဆက်သွယ်ဆောင်ရွက်

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသော အစည်းအဝေးမှာ နိုင်ငံတကာအကူအညီအထောက်အပံ့များ စီမံခန့်ခွဲရေး ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးဖြစ်ပါကြောင်း၊ ဗဟိုကော်မတီ၏အောက်တွင် နိုင်ငံခြားအကူအညီအထောက်အပံ့များစီမံခန့်ခွဲရေး လုပ်ငန်းကော်မတီကို ဝန်ကြီးဌာနများနှင့် ဖွဲ့စည်းထားပြီး အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီတွင် စီးပွားရေးနှင့် လူမှုရေးပညာရှင်များနှင့် ဖွဲ့စည်းထားပါကြောင်း၊ ထိုသို့နှစ်ပိုင်းခွဲပြီး ဖွဲ့စည်းရသည့်အကြောင်းအရင်းမှာ နိုင်ငံခြားအကူအညီအထောက်အပံ့များကို နိုင်ငံအချင်းချင်း (Bilateral)၊ နိုင်ငံအများပါဝင်သော အဖွဲ့အစည်းများ (Multilateral)၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ (UN Agencies)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ (INGOs နဲ့ Civil Society)များ၏ နည်းလမ်းအမျိုးမျိုး၊ လမ်းကြောင်းအသွယ်သွယ်မှ ဆက်သွယ်ကူညီထောက်ပံ့လိုမှုများအတွက် Track 1နဲ့ Track 2လမ်းကြောင်းနှစ်ခု ဖွင့်ပေးပြီး စနစ်တကျ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ဖြစ်ပါကြောင်း၊ ထိုသို့မဟုတ်ပါက လက်ရှိ မြန်မာနိုင်ငံအတွင်း UN Agencies (၉)ခုနှင့် INGOs (၅၃)ဖွဲ့က အောက်ခြေ မြို့နယ်၊ ကျေးရွာအထိဆင်းပြီး တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသအသီးသီးမျှတစွာ ဖွံ့ဖြိုးမှုကို စနစ်တကျ စီမံခန့်ခွဲနိုင်မှုမရှိမည့်အနေအထားမှ ကာကွယ်နိုင်ရန် ဖြစ်ပါကြောင်း။



**အမှာစကား ပြောကြား**

**နိုင်ငံတော် သမ္မတ ဦးသိန်းစိန် နိုင်ငံခြားအကူအညီအထောက်အပံ့များစီမံခန့်ခွဲရေး ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

နိုင်ငံတကာတွင်လည်း နိုင်ငံခြားအကူအညီအထောက်အပံ့များကို ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ကူညီထောက်ပံ့မှုဖြစ်သော်လည်း နိုင်ငံဖွံ့ဖြိုးမှုနှင့် ဒေသဖွံ့ဖြိုးမှုအတွက် အကျိုးရှိထိရောက်စေရန် ဦးတည်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးမှုစီမံကိန်းရည်မှန်းချက် (National Development Goal)မှာ ဂျီဒီပီ တစ်နှစ်ပျမ်းမျှ (၇. ၇)ရာခိုင်နှုန်းတိုးတက်ရန်နှင့် ပြည်သူများ၏ တစ်ဦးကျ ဂျီဒီပီမှာ (၁. ၇)ဆရရှိရန် ခန့်မှန်းထားပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ပြည်သူတစ်ဦးချင်း၏ဝင်ငွေကို လက်ရှိအခြေအနေထက် (၃)ဆတိုးတက်အောင် ကြိုးပမ်းမည်ဟု ရည်မှန်းချက်ထားရှိပါကြောင်း။

နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ငါးနှစ်အတွင်းတွင် (၃)ဆတိုးအောင်ဆိုပါက လူ့စွမ်းအား၊ ငွေကြေးအရင်းအနှီးနှင့် နည်းပညာပေါင်းစပ်ပြီး တိုးတက်အောင် ကြိုးစားရမည်ဖြစ်ပါကြောင်း၊ လက်ရှိ မိမိတို့အသုံးပြုနေသော ငွေကြေး၊ အရင်းအနှီး ထည့်ဝင်ရင်းနှီးသုံးစွဲနိုင်မှုကို သုံးသပ်လျှင် -

- **နိုင်ငံတော်၏ အရ-အသုံးငွေစာရင်း (အစိုးရဘတ်ဂျက်) အကန့်အသတ်ရှိခြင်း**
- **ပြည်ပအကူအညီအထောက်အပံ့ (Grant) နှင့် ချေးငွေ (Loan) တိုးတက်ရရှိရန် လိုအပ်ခြင်း**
- **ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်ဖြင့်တိုးတက်ရန် လိုအပ်ခြင်း** တို့ကို အဓိက တွေ့ရှိရမည် ဖြစ်ပါကြောင်း။

*စာမျက်နှာ ၈ ကော်လံ ၁* *

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇွန် ၂၁ ရက်)

## နိုင်ငံကြီးသားစိတ်ဓာတ်

လူအများစုပါးစပ်ဖျား၌ ``နိုင်ငံကြီးသားပီသစမ်းပါကွာ'' ဟူ၍ မကြာခဏပြောဆိုလေ့ရှိကြသည်။ ပါးစပ်ဖျား၌သာ နိုင်ငံကြီးသားဆိုသည့်စကားကို အလွယ်ပြောဆိုနေကြသည်။ သို့သော် နိုင်ငံကြီးသားဆိုသည့် အဓိပ္ပာယ်ကို ဂဃနဏပြောဆိုရှင်းပြနိုင်သူကားရှား၏။ ထို့ထက်ပင် နိုင်ငံကြီးသားစိတ်ဓာတ်ရှိသူ အလွန်နည်း၏။

နိုင်ငံကြီးသားဟူသည်ကား လူသန်းထောင်ချီနေထိုင်သောတိုင်းနိုင်ငံတို့၌ နေထိုင်သူများကို ပြောဆိုခြင်းမဟုတ်။ ချမ်းသာကြွယ်ဝသောနိုင်ငံကြီးတို့၌ နေထိုင်သူများကို ပြောဆိုခြင်းလည်းမဟုတ်။ ဧရိယာစတုရန်းမိုင်ပေါင်းများစွာကျယ်ဝန်းသော နိုင်ငံတို့၌နေထိုင်သူများလည်းမဟုတ်။ ထိုသို့မဟုတ်လျှင် မည်သူတို့ကို နိုင်ငံကြီးသားဟု ဆိုကြလေမည်နည်း။

အကြမ်းအားဖြင့်ဆိုရလျှင် နိုင်ငံကြီးသားဟူသည် ဥပဒေကိုတန်ဖိုးထားလေးစားပြီး စည်းကမ်းလိုက်နာသူများကို နိုင်ငံကြီးသားဟုဆိုကြလေသည်။ ဒီမိုကရေစီထွန်းကားသော တိုင်းပြည်များတွင် စည်းကမ်းကို တန်ဖိုးထားလေးစားလိုက်နာကြရသည်။ နိုင်ငံကြီးသားတိုင်းသည် စည်းကမ်းနှင့်ပြောဆိုသည်။ စည်းကမ်းနှင့်အညီ စားသောက်သည်။ စည်းကမ်းနှင့်အညီ သွားလာနေထိုင်လေ့ရှိကြသည်။ နိုင်ငံကြီးသားတိုင်းသည် မည်သည့်အမှုကိစ္စတို့ကို ဆောင်ရွက်လုပ်ကိုင်သည်ဖြစ်စေ စည်းလွတ်၊ ကမ်းလွတ် လုပ်ကိုင်ဆောင်ရွက်လေ့မရှိချေ။ အရာရာတိုင်းတွင် ဥပဒေဘောင်အတွင်းမှ စည်းကမ်းတကျဆောင်ရွက်လေ့ရှိကြသည်။

ယနေ့အချိန်သည်ကား ကျွန်ုပ်တို့နိုင်ငံ၌ ဒီမိုကရေစီစနစ်ကို အုတ်မြစ်ချပြီးဖြစ်သည့်အလျောက် လူတိုင်းသည်လည်း နိုင်ငံကြီးသားစိတ်ဓာတ်ကို အပြည့်အဝမွေးမြူထားရှိသင့်ပြီဖြစ်သည်။ စည်းကမ်းရှိစွာ ပြုမူပြောဆိုခြင်း၊ စည်းကမ်းရှိစွာနေထိုင်ခြင်း၊ စည်းကမ်းရှိစွာ သွားလာခြင်းစသော နိုင်ငံကြီးသားစိတ်ဓာတ်ကို အခြေခံထားရှိသင့်ပေသည်။ အထူးသဖြင့် စိတ်ကောင်းစေတနာမွေးမြူသင့်သည်။ စိတ်ကောင်းစေတနာလည်းရှိ၊ စည်းကမ်းလည်း လိုက်နာမည်ဆိုလျှင် အကောင်းဆုံးဖြစ်ပါသည်။

သို့သော်လည်း လူအချို့သည် အမှိုက်မပစ်ရဆိုသည်ကို အမှိုက်ပစ်ခြင်း၊ လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးပါဆိုလျှင် အလွယ်လမ်းကူးခြင်း၊ ဆေးလိပ်မသောက်ရဆိုသည့်နေရာတွင် ဆေးလိပ်သောက်နေခြင်း၊ ကွမ်းတံတွေးမထွေးရဆိုသည့်နေရာတွင် ကွမ်းတံတွေးများထွေးခြင်း ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရပေသည်။ အထူးသဖြင့် လမ်းမပေါ်၌ အမှိုက်သရိုက်များနှင့် ကွမ်းတံတွေးကွက်များသည် မြို့ပြ၏ အလှအပကို အရုပ်ဆိုးအကျည်းတန်စေသည်။

အချို့သောသူများမှာ အမှိုက်သရိုက် ကြွပ်ကြွပ်အိတ်များကို လမ်းများပေါ်တွင် စည်းကမ်းမဲ့စွာ စွန့်ပစ်ရုံမက မိမိတို့နေထိုင်ရာ နေအိမ်ခြံဝင်းများ၊ ဈေးဆိုင်များ၌ပင် အမှိုက်ပုံးဖြင့် စနစ်တကျစွန့်ပစ်ခြင်းမရှိဘဲ တွေ့ရာနေရာများ၌ ပစ်ချနေကြဆဲဖြစ်သည်။ ထိုအပြုအမူများသည် နိုင်ငံကြီးသားစိတ်ဓာတ်မရှိသည်ကို မိမိကိုယ်တိုင် သတိချပ်သင့်ပြီဖြစ်သည်။

ခေတ်မီတိုးတက်သည့် နိုင်ငံတိုင်းတွင် လူတိုင်းသည် စည်းကမ်းလိုက်နာကြရသည်။ မိမိ၏စည်းကမ်းမဲ့ခြင်းကြောင့် တစ်ပါးသူများအား ထိခိုက်စေမည့် အပြုအမူများ မပြုလုပ်သင့်တော့ပေ။ အားလုံးသည် စည်းနှင့်ကမ်းနှင့် လိုက်နာကျင့်သုံးရမည့်ခေတ်သို့ ရောက်ရှိလာပြီဖြစ်သည်။

ယနေ့အခါ နိုင်ငံ၌ ခေတ်စနစ်ပြောင်းနေပြီဖြစ်ရာ ခေတ်စနစ်ပြောင်းလဲသည်နှင့်အမျှ နိုင်ငံသားအားလုံးသည် စိတ်ဓာတ်များပါ လိုက်ပါပြောင်းလဲကြရပေမည်။ ဒီမိုကရေစီခေတ်တွင် လူတိုင်း၏အနိမ့်ဆုံးတာဝန်သည် စည်းကမ်းလိုက်နာခြင်းပင်ဖြစ်၏။ ထို့ကြောင့် လူတိုင်းသည် နိုင်ငံကြီးသားစိတ်ဓာတ်နှင့်အညီ ကျင့်ကြံနေထိုင်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

## အာဆီယံသွေးလွန်တုပ်ကွေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ပဲခူး ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး ၂၀၁၂ ခုနှစ် အာဆီယံသွေးလွန်တုပ်ကွေးနေ့အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အထက(၁) သီရိပညာအစည်းအဝေးခန်းမ၌ ဇွန် ၁၅ ရက် နံနက် ၉ နာရီက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦး တက်ရောက်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဦးစီးဌာနမှူး ဒေါက်တာနေမျိုးအုန်းက အာဆီယံသွေးလွန်တုပ်ကွေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပရခြင်းအကြောင်းနှင့် အာဆီယံသွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ကလေးအထူးကု ဆရာဝန်ကြီးဒေါက်တာဒေါ်သန်းသန်းဝင်းက သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ အသိပညာပေးဟောပြောသည်။ အခမ်းအနားအပြီးတွင် အာဆီယံသွေးလွန်တုပ်ကွေးနေ့ အထိမ်းအမှတ်အဖြစ် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများပူးပေါင်း၍ ကျောင်းများတွင် အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(ကျန်းမာရေး)**

## ကုန်သည်/စက်မှုအသင်းချုပ် ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသော ဘာသာရပ်ဆိုင်ရာဟောပြောပွဲကို ဇွန် ၃၀ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower (ပထမထပ်)ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် ဒေါက်တာသန်းထွဋ် [ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ လုပ်ငန်းခွင်ကျန်းမာရေး]နှင့် ဒေါက်တာရှိန်မြင့် (အကြားအာရုံဆိုင်ရာအထူးကု ဆရာဝန်ကြီး၊ ပါရမီဆေးရုံ)တို့က ဆူညံသံကြောင့် အကြားအာရုံထိခိုက်ခြင်းနှင့်လုပ်ငန်းခွင်ကျန်းမာရေး အကြောင်းခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ အဆိုပါဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

**ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူး၍ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို ပန်းချီ၊ စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၇ ရက်က အထက(၂) တာမွေ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။** (ဝ၄၄)



## ယဉ်ကျေးမှုစာမေးပွဲ အောင်မြင်သူများအား ဆုချီးမြှင့်

**ရန်ကုန် ဇွန် ၂၀**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲအောင်မြင်သူ ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၁၇ ရက် မွန်းလွဲ ၁ နာရီက (၅၆) ရပ်ကွက် မင်းရဲကောင်းပုံလမ်း မဟာဓမ္မာစရိယ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တနရပတိက ဩဝါဒကထာချီးမြှင့်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က သာသနာရေးဆိုင်ရာ လျှောက်ထားသည်။

**ချီးမြှင့်**

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က ဂုဏ်ထူးနှင့်ရိုးရိုးအောင် ကျောင်းသား ကျောင်းသူ ၁၀၅ဦးတို့အတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သုံးသိန်းရှစ်သောင်းနှင့် အောင်လက်မှတ်များ ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(စမ်းစမ်းကြည်)**

## သုံးခွမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၀**



ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၆ ရက် နံနက် ၇ နာရီက သုံးခွမြို့နယ် အနောက်ကျေးရွာအုပ်စု သုံးခွ-သန်လျင် မော်တော်ကားလမ်း ဘေးဝဲယာ မိုင်တိုင်အမှတ် (၄၉/၁)နှင့် (၅၀/၂) အကြား၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် သုံးခွမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သောင်းနှင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာန နယ်မြေတာဝန်ခံ တောအုပ်ကြီး ဦးထန်ဝုန်းနှင့် သစ်တောဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မညိုနှင့် လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များ၊ ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက ကျွန်း၊ ယူကလစ်၊ အော်ရီးရှား၊ ပျဉ်းမ၊ မဟော်ဂနီ ပျိုးပင်ပေါင်း ၁၅၁၅ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဆိုင်းဘုတ် ဖျာပုံ၌စိုက်ထူ

**ဖျာပုံ ဇွန် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း ယာဉ်အသုံးပြုသူ၊ လမ်းအသုံးပြုသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေး ပညာပေးဆိုင်းဘုတ်များကို ဇွန် ၁၇ ရက် နံနက်က ဖျာပုံမြို့ဝင်မြို့ထွက်နှင့် လူစည်ကားရာနေရာများတွင် စိုက်ထူကြသည်။ အဆိုပါ အသိပညာပေး ဆိုင်းဘုတ်တို့ကို ခရိုင်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ခရိုင်ယာဉ်ထိန်း တာဝန်ခံရဲအုပ်ချစ်စိန်နှင့် အဖွဲ့ဝင်များက စိုက်ထူပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## မှုခင်းကင်းမဲ့လ သာကေတ၌ သတ်မှတ်ဆောင်ရွက်

**ရန်ကုန် ဇွန် ၂၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်ရဲတပ်ဖွဲ့ နယ်မြေအတွင်းမှုခင်းကင်းမဲ့လ ဇွန် ၁၈ ရက်မှ ဇူလိုင် ၁၇ ရက်အထိ ဆောင်ရွက်မည့် ဖွင့်ပွဲအခမ်းအနားကို သာကေတမြို့နယ် မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၈ ရက် ညနေ ၄ နာရီကကျင်းပသည်။ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနိုင်နှင့် ဧည့်သည်တော်များတက်ရောက်ကြပြီး အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်အေးက အမှာစကားပြောကြားသည်။ ထို့နောက် သာကေတမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင့်နိုင်က မှုခင်းကင်းမဲ့လစီမံချက်နှင့် ပတ်သက်၍လည်းကောင်း၊ သာကေတမြို့နယ်တရားသူကြီး ဦးကျော်ကျော်ဝင်းက ဥပဒေရေးရာများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး သာကေတမြို့နယ်ဥပဒေအရာရှိ ဦးမောင်မောင်မြင့်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကိုကိုဦးက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (ဝ၂ဝ)



## ဝတ်စုံနှင့်ပညာသင်စရိတ် ဝါးခယ်မ၌ ထောက်ပံ့

**ဝါးခယ်မ ဇွန် ၂၀**

ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းဝတ်စုံနှင့် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၅ ရက် နံနက် ၁၀ နာရီက မနောသုခညှိရိပ်သာ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး **(အောက်ပုံ)**နှင့် မြို့နယ်မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ဥမ္မာကိုကိုကြီးတို့က ဝန်ထမ်းများအား ဝတ်စုံများ ထောက်ပံ့ပေးအပ်ပြီး ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများကို တာဝန်ရှိသူများကပေးအပ်ကြသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် ဝတ်စုံစရိတ် ငွေကျပ် ၂၈၀၀၀၀ နှင့် ပညာသင်ထောက်ပံ့ခြင်းအတွက် ငွေကျပ် ၄၁၆၀၀၀ စုစုပေါင်းငွေကျပ် ၆၉၄၀၀၀ ဖြစ်ကြောင်းသိရှိရသည်။ (၁၇၂)



## မော်လမြိုင်ကျွန်းမြို့နယ်လုံးကျွတ် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**မော်လမြိုင်ကျွန်း ဇွန် ၂၀**

မော်လမြိုင်ကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သော မိုးရာသီသွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် မော်လမြိုင်ကျွန်းမြို့နယ်လုံးကျွတ် ပိုးလောက်လမ်းနှိမ်နင်းရေး အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်နှိမ်နင်းရေးဆေးမှိုင်းမှုတ်ခြင်းတို့ကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပိုးလောက်လမ်းနှိမ်နင်းရေး အဘိတ်ဆေးခတ်ပွဲတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းအေးနှင့် အမှုဆောင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှတာဝန်ရှိသူများက သောက်ရေအိုး၊ရေအိုး၊ ရေစည်များအတွင်း အဘိတ်ဆေးများကို ခတ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါပိုးလောက်လမ်းနှိမ်နင်းရေး အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်နှိမ်နင်းရေးဆေးမှိုင်းမှုတ်ခြင်းကို မော်လမြိုင်ကျွန်းမြို့နယ်လုံးကျွတ် တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (ဝ၆၅)

**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# စစ်ကိုင်းမြို့နယ် အင်းစကျေးရွာ ရွှေကြွယ်ပုံ-တောင်ကြား-အင်းစ-တလိုင်းကျွန်းလမ်း၌ အရှည် ၁၆၂ ပေရှိ အင်းစတံတားဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၀**

အင်းစတံတားသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အင်းစကျေးရွာ ရွှေကြွယ်ပုံ-တောင်ကြား-အင်းစ-တလိုင်းကျွန်းလမ်းပေါ်၌ တည်ရှိပြီး တံတားအမျိုးအစားမှာ အောက်ထည်အုတ်စီတိုင်အုတ်မြစ်၊ အပေါ်ထည်သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားသည်။ တံတားအရှည် ၁၆၂ ပေ၊ တံတားအကျယ် ၁၄ ပေ၊ ယာဉ်တစ်လမ်းမောင်းနှင့်တံတား၏ ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၁၂ တန်ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁၄)က တာဝန်ယူတည်ဆောက်ပေးခဲ့သည့် အင်းစတံတားဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဦးသန်းထိုက်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်လင်းနှင့် စစ်ကိုင်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင့်တို့က တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ဖြတ်သန်းကြည့်ရှု**

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က အင်းစတံတားမုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တံတားပေါ်မှဖြတ်သန်းကြည့်ရှုသည်။

တံတားဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အင်းစကျေးရွာရှိ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အင်းစတံတားအတွက် အလှူငွေလှူဒါန်းခဲ့သည့် ဒေသခံကျေးရွာ အလှူရှင်နှစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**



**စစ်ကိုင်းမြို့နယ် အင်းစကျေးရွာ ရွှေကြွယ်ပုံ-တောင်ကြား-အင်းစ-တလိုင်းကျွန်းလမ်းပေါ်ရှိ အင်းစတံတားကိုတွေ့ရစဉ်။** (သတင်းစဉ်)

# ၁/၂၀၁၂ CSIS- Center for Strategic and International Studies သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၀**

မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း MDRI(Myanmar Development Resource Institute)၏ နိုင်ငံတကာမဟာဗျူဟာလေ့လာရေးဌာန (CSIS-Center for Strategic and International Studies)(၁/၂၀၁၂)သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးဗဟိုဌာန (IBC)ရှိ အစည်းအဝေးခန်းတွင် ကျင်းပရာ MDRI ၏ Executive Director နှင့် နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ် ဒေါက်တာနေဇင်လတ်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ **(ဓါတ်ပုံ)**

ထို့နောက် CSIS ၏ Project Director ဖြစ်သူ စီးပွားရေးတက္ကသိုလ် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က Training Project ရည်မှန်းချက်များနှင့် သင်တန်းအစီအစဉ်ကို ရှင်းလင်းပြောကြားသည်။

CSIS ၏ Program officer ဖြစ်သူ Myanmar Human Resources (MHR)၏ ကျောင်းအုပ်ကြီး ဦးအေးကျော်က သင်တန်းဖွဲ့စည်းပုံအကြောင်းကိုရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို နိုင်ငံရေးပါတီစုံက သင်တန်းသားများ၊ အခြား NGO အဖွဲ့အစည်းများနှင့် သင်တန်းသား စုစုပေါင်း ၁၀၀ တက်ရောက်သည်။ သင်ကြားပို့ချပေးမည့် ဘာသာရပ်များအဖြစ် Peace Building and Conflict Resolution Democracy and Human Rights, Sustainable Human Development စသည့် အဓိကဘာသာရပ်သုံးခု ပါဝင်မည်ဖြစ်ကာ မြန်မာနိုင်ငံသားတိုင်းရင်းသားပြည်သူများ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကဏ္ဍများတွင် အရှိန်အဟုန်ဖြင့် တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒီမိုကရေစီနည်းလမ်းကျကျ လျှောက်လှမ်းလုပ်ဆောင်နိုင်ကြစေရန်အတွက် နိုင်ငံတော်သမ္မတ အကြံပေးအဖွဲ့ကကြီးမှူး၍ မြန်မာ့ဖွံ့ဖြိုးတိုးတက်စေရေး အရင်းအမြစ်အဖွဲ့အစည်း MDRI ကို NGO အဖြစ်ဖွဲ့စည်းတည်ထောင်ပြီး အနာဂတ်နိုင်ငံရေး လူငယ်မျိုးဆက်သစ်များ အခြေခံရှိသင့်ရှိရမည့် အရည်အချင်းများကို ဖြည့်ဆည်းပေးမည့် သင်တန်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**





# မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၂၀**

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို)ကကြီးမှူး၍ ကျင်းပသော စဉ်ဆက်မပြတ် သွားဘက်ဆိုင်ရာ ဆေးပညာဟောပြောပွဲအစီအစဉ်အရ BioSys Company Limited ၏ ပံ့ပိုးကူညီမှုဖြင့် ဇွန် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းရှိ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းခန်းမ၌ ပါမောက္ခဒေါက်တာဒေါ်ဆွေဆွေဝင်းက Burning Mouth Syndrome ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပါမောက္ခ ဒေါက်တာဒေါ်ဌေးဌေးရီက Surgical Protocol For Oral Squamous Cell Carcinoma Cases ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပို့ချမည်ဖြစ်ရာ သွားဘက်ဆိုင်ရာဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၁-၆-၂၀၁၂ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇:၂၅ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | နံနက်ခင်းသတင်း |
| ၇:၄၀ | မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏမေတ္တာပို့ ဓမ္မပူဇာတေး (တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်) |
| ၇:၅၀ | သံသာချိုအေးမင်္ဂလာတေး |

**ညပိုင်း**

| | |
|---|---|
| ၄:၃၀ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ အထူးပြုများ) (အရှေ့တိုင်းပညာ) |
| ၆:၀၀ | ညနေခင်းသတင်း |
| ၆:၁၅ | မိုးလေဝသအခြေအနေ |
| ၆:၂၀ | ပျော်ရွှင်စေသောနေ့ရက်များ |
| ၈:၀၀ | ပြည်တွင်းသတင်း<br>- နိုင်ငံတကာသတင်းများ<br>- မိုးလေဝသအခြေအနေ<br>- အစာလည်းဆေး၊ ဆေးလည်းအစာ |



**ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအေး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့ ဇွန် ၂၀ ရက်က မဟာဝိသုတာရာမ(အလယ်)တိုက်တွင် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် ဆေးကုသခြင်း လုပ်ငန်းများကို ကွင်းဆင်းကုသဆောင်ရွက်ပေးစဉ်။** (၁၀၂)



# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်း

**နေပြည်တော် ဇွန် ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းယန်းမြို့နယ်၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စော ဦးဆောင်သော မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးပိုင်သက်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးညွန့်တင်နှင့် မြေစာရင်းကွင်းဝန်ထမ်းများသည် မေ ၂၇ ရက်က မိုင်းလွေအုပ်စု ကွင်းအမှတ် (၄/၁)၊ ဦးပိုင်အမှတ် (၂၄)တွင် နွေစပါးစိုက်ပျိုးတောင်သူ ဦးစိုင်းနွဲ့၏ ဆင်းရွှေဝါစပါးမျိုးကို စံကွက်ရိတ်သိမ်းရာ **(အပေါ်ပုံ)** တစ်ဧက အထွက်နှုန်း အခြောက် တင်း ၉၀ ဒသမ ၂၇ တင်းထွက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မြန်မာနှင့်ထိုင်း စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးမည်

**ရန်ကုန် ဇွန် ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစီးပွားရေးသံမှူးရုံး (ရန်ကုန်)တို့ ပူးပေါင်းစီစဉ်မှုဖြင့် ထိုင်းနိုင်ငံ Federation of Thai Industries (FTI) မှ ဥက္ကဋ္ဌ Mr.Payungsak Chartsutipol ဦးဆောင်သည့် ထိုင်းစီးပွားရေးလုပ်ငန်းရှင် ၅၅ ဦးတို့သည် ဇွန် ၂၁ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမကြီး၌ မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(၁၆၈)**



**ဇွန် ၇ ရက်က ပြည်ခရိုင် ပန်းတောင်းမြို့နယ် ထုံးဘိုမြို့ရှိ သခင်မြစာကြည့်တိုက် (၁၂)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သတင်းထောက် ဦးကျော်မြင့်သန်း(လမ်းမတော်)နှင့် အေးဇော်မိုး(စက်မှု) ဖြိုးမိုးသိခ် ဓာတ်ပုံတိုက်တို့က မဂ္ဂဇင်း၊ ဂျာနယ်များကို စာကြည့်တိုက်တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းစဉ်။** (၀၀၈)

# မုတ်သုံလေအားကောင်းမည်

**နေပြည်တော် ဇွန် ၂၀**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ သံတွဲမြို့တွင် ၅ ဒသမ ၆၃ လက်မ၊ မြောက်ဦးမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ ညောင်လေးပင်မြို့တွင် ၃ ဒသမ ၅၈ လက်မ၊ တောင်ကုတ်မြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၆၇ လက်မ၊ ရေးမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၄၈ လက်မနှင့် ပင်လောင်းမြို့တွင် ၂ ဒသမ ၀၉ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေအားကောင်းမည်။

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## တရုတ်အရှေ့ပိုင်းတွင် ဘတ်စ်ကားတစ်စီး ချောက်ထဲထိုးကျ ၁၇ ဦးသေဆုံး၊ ၂၈ ဦးဒဏ်ရာရ

ပေကျင်း ဇွန် ၂၀

တရုတ်နိုင်ငံအရှေ့ပိုင်းရှိ ဖူကျန်းပြည်နယ်အတွင်း၌ ဇွန် ၂၀ ရက် အစောပိုင်းက နှစ်ထပ်အိပ်စင်ပါ ခရီးသည်တင် ဇိမ်ခံဘတ်စ်ကားတစ်စင်း လျှိုမြောင်တစ်ခုအတွင်းသို့ အရှိန်လွန် ထိုးကျခဲ့သဖြင့် လူ ၁၇ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ ၂၈ ဦး ရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။ **(အောက်ပုံ)**

နန်ဒီမြို့တွင်း ကျိရာပူစီရင်စုအတွင်းတွင် အဆိုပါယာဉ်မတော်တဆတိမ်းမှောက်မှုသည် ဒေသစံတော်ချိန် နံနက် ၂ နာရီခန့်က ဖြစ်ပွားခြင်းဖြစ်သည်။ ဇိမ်ခံဘတ်စ်ကား တိမ်းမှောက်မှုဖြစ်ပြီး မီတာ ၅၀ အနက်ရှိ လျှိုအတွင်းသို့ ထိုးကျခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ဘတ်စ်ကားသည် တရုတ်အရှေ့ပိုင်း ဖူကျိုမြို့မှ ကျိရာမစ်မြို့သို့ ခရီးသည် ၄၅ ဦးတင်ဆောင်ကာ မောင်းနှင်ခဲ့ခြင်းဖြစ်သည်။

ဒဏ်ရရှိသူများထဲမှ လူသုံးဦး၏ အခြေအနေမှာ စိုးရိမ်ရကြောင်း၊ ဒဏ်ရာရသူအားလုံးကို ဒေသရှိဆေးရုံသို့ ပို့ဆောင်ကာ ဆေးကုသပေးလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

"ကျွန်တော်နိုးတစ်ဝက်အိပ်တစ်ဝက်ဖြစ်နေချိန်မှာ ယာဉ်တိမ်းမှောက်မှုဖြစ်ပါတယ်။ လူတစ်ကိုယ်လုံး လေထဲလွင့်သွားသလိုခံစားရပြီး ဘတ်စ်ကားမြေပေါ်ကျတဲ့အချိန်မှာ ငလျင်တော်လဲသံလို အသံကြီး ကြားလိုက်ရပါတယ်။ ကားရဲ့ ပြတင်းမှန်အကုန်လုံးလည်း ကွဲသွားတာ တွေ့ရပါတယ်ဟု" ခရီးသည်တစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ **(အင်တာနက်)**





## တိုင်တန်းနစ်-၂ သင်္ဘောကြီး စတင်တည်ဆောက်တော့မည်

ဆစ်ဒနီ ဇွန် ၂၀

လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ ကျော်က နစ်မြုပ်ခဲ့သည့် ကမ္ဘာကျော်တိုင်တန်းနစ်အမည်ရှိ အပျော်စီးသင်္ဘောကြီးနှင့် ဒီဇိုင်းတူညီသော တိုင်တန်းနစ်-၂ အမည်ရှိ သင်္ဘောကြီးကို စတင်တည်ဆောက်ရန် စီစဉ်နေပြီဖြစ်ကြောင်း ဩစတြေးလျနိုင်ငံမှ သူဌေးကြီးကလစ်ပါလ်မာက ဇွန် ၂၀ ရက်တွင်ထုတ်ဖော်ပြောကြားလိုက်သည်။

အဆိုပါသင်္ဘောကြီးတည်ဆောက်ရန် အစီအစဉ်ရှိကြောင်း ကလစ်ပါလ်မာက ပြီးခဲ့သည့် ဧပြီလက စတင်သတင်းထုတ်ပြန်ခဲ့ပြီးနောက် သင်္ဘောဒီဇိုင်းများ **(ဝဲပုံ)** ရေးဆွဲကာ စတင်တည်ဆောက်တော့မည်ဖြစ်ကြောင်း ပြောကြားခြင်းဖြစ်သည်။

ယခုအခါကမ္ဘာကျော်ရေကြောင်းအင်ဂျင်နီယာကုမ္ပဏီများဖြစ်သည့် ဖင်လန်အခြေစိုက်ဒဲလ်တာမင်းနှင့် ဘလူးစတားသင်္ဘောကုမ္ပဏီများက အဆိုပါ တိုင်တန်းနစ်-၂ သင်္ဘောကြီးတည်ဆောက်ရန်ကြိုးစားခဲ့ကြရာ ဒဲလ်တာမင်းကုမ္ပဏီ၏ ဒီဇိုင်းနှင့်တည်ဆောက်ခွင့်ရရှိမည်ဖြစ်သည်။ ဒဲလ်တာမင်းကုမ္ပဏီသည် အဆိုပါသင်္ဘောကြီးကို တရုတ်နိုင်ငံ စီအက်စ်စီကျင်လန်းသင်္ဘောကျင်း၌ စတင်တည်ဆောက်ရန်ပြင်ဆင်နေပြီဖြစ်သည်။

ယခုတည်ဆောက်မည့် တိုင်တန်းနစ်-၂ သင်္ဘောကြီးမှာ အရှည် မီတာ၂၇၀ ရှိပြီး အမြင့် ၅၃ မီတာရှိကာ သင်္ဘောအလေးချိန်တန် ၃၀၀၀၀ ခန့်ရှိမည်ဖြစ်သည်။ ယင်းသင်္ဘောပေါ်တွင် အခန်းပေါင်း ၈၄၀ ပါဝင်ပြီး ခရီးသည်ပေါင်း ၂၀၀၀၀ ကျော် စီးနင်းနိုင်ကာ အမေရိကန်နှင့်ဗြိတိန်နိုင်ငံအကြား ရေလမ်းခရီးကို မောင်းနှင်ရန်စီစဉ်ထားသည်။ **(အင်တာနက်)**

## ခြေလက်မရှိသည့်ပြင်သစ်နိုင်ငံသား အာဖရိကမှအာရှသို့ရေကူးမည်

အမ္မာန် ဇွန် ၂၀

ခြေနှင့်လက်များမရှိသည့် ပြင်သစ်နိုင်ငံသား ဖီးလစ်ပီခရွိုင်ဇန်သည် အာဖရိကမှအာရှသို့ရေကူးရန်စီစဉ်နေကြောင်း ဇွန် ၂၀ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ အသက် ၄၄ နှစ်အရွယ်ရှိ ဖီးလစ်ပီခရွိုင်ဇန် **(ယာပုံ)**သည် အာဖရိကရှိ အီဂျစ်နိုင်ငံ တာဘာမြို့ဆိပ်ကမ်းမှ ပင်လယ်နီကိုဖြတ်သန်းကာ အာရှရှိ ဂျော်ဒန်နိုင်ငံ အကာဘာမြို့ဆိပ်ကမ်းသို့ ရေကူးရန်စီစဉ်နေခြင်းဖြစ်သည်။ အဆိုပါရေလမ်းခရီးမှာ ၁၅ ဒသမ ၅ မိုင်ခန့် ကွာဝေးသည်။

အီဂျစ်နိုင်ငံမှ အာဏာပိုင်များ၏ခွင့်ပြုချက်ရရှိပါက မိမိသည်ရေကူးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း၊ ယခုအချိန်၌ ခွင့်ပြုချက်ကိုစောင့်ဆိုင်းလျက်ရှိကြောင်း ဖီးလစ်ပီခရွိုင်ဇန်ကပြောကြားသည်။ ယခုခရီးစဉ်သည် ရေကူးရန်အချိန် ၁၂ နာရီမှ ၁၄ နာရီခန့် ကြာမြင့်နိုင်မည်ဖြစ်သည်။ ရေကူးရန်အတွက် အီဂျစ်အာဏာပိုင်များက ခွင့်ပြုပါက ဖီးလစ်ပီခရွိုင်ဇန်နှင့်အတူ ပြင်သစ်နိုင်ငံမှ အသက် ၃၄ နှစ်အရွယ်ရှိ ရေကူးသမား အာနပ်ချက်စီရီလည်း အတူလိုက်ပါရေကူးမည်ဖြစ်သည်။ ထို့အတူ ဂျော်ဒန်နိုင်ငံမှ ခြေလက်မသန်စွမ်းသူသုံးဦးတို့လည်း အတူလိုက်ပါရေကူးကြမည်ဖြစ်သည်။ ဖီးလစ်ပီခရွိုင်ဇန်သည် ပြီးခဲ့သည့် မေ ၁၇ ရက်ကလည်း ပါပူဝါနယူးဂီနီနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံသို့ ရေကူးခဲ့ပြီးဖြစ်သည်။ ထို့အပြင် ၂၀၁၀ ခုနှစ်ကလည်း အင်္ဂလိပ်ရေလက်ကြားကိုဖြတ်ကာ ရေကူးခဲ့သူလည်းဖြစ်သည်။ **(အင်တာနက်)**



## အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံးဖောက်ခွဲမှုကြောင့် အရပ်သားရှစ်ဦးသေဆုံး

ကဘူးလ် ဇွန် ၂၀

အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန့်ပြည်နယ်အတွင်း လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုကြောင့် အမျိုးသမီးများနှင့်ကလေးများအပါအဝင် အရပ်သားရှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားကြောင်း ဇွန် ၂၀ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ယာပုံ)**

ဟဲလ်မန့်ပြည်နယ် မူဆာကာလာဒေသအတွင်း အရပ်သားများဖြတ်သန်းသွားစဉ် လမ်းဘေးဗုံးတစ်လုံး ဇွန် ၁၈ ရက်က ပေါက်ကွဲသဖြင့် ယင်းသို့အပြစ်မဲ့အရပ်သားများ သေဆုံးဒဏ်ရာရခြင်းဖြစ်သည်ဟု အာဖဂန်နစ္စတန်ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ ရန်သူအကြမ်းဖက်သမားများက လမ်းဘေးဗုံးထောင်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့အရပ်သားရှစ်ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်ဟုလည်း ကြေညာချက်တွင် ဖော်ပြထားသည်။ **(အင်တာနက်)**



## လက်နက်ကိုင်သမားများ ပစ်ခတ်မှုကြောင့် ကန်တပ်ဖွဲ့ဝင်သေဆုံး

ကဘူးလ် ဇွန် ၂၀

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် အာဖဂန်နစ္စတန်ရဲဝတ်စုံဝတ်ထားသူ လက်နက်ကိုင်သမားသုံးဦးတို့က အမေရိကန်တပ်ဖွဲ့ဝင်များကို သေနတ်ဖြင့်ပစ်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့သည်။ ရဲဝတ်စုံဝတ်ဆင်ထားသူ လက်နက်ကိုင်သမားသုံးဦးသည် ယင်းသို့ ပစ်သတ်ပြီးနောက် ထွက်ပြေးကြသည်ဟု နေတိုးအဖွဲ့ နိုင်ငံတကာလုံခြုံရေးနှင့် အကူအညီပေးရေးတပ်ဖွဲ့က ဇွန် ၂၀ ရက် စောစောပိုင်းတွင် ကြေညာခဲ့သည်။ ယခုအခါ လက်နက်ကိုင်သမားသုံးဦးကို ဖမ်းမိကြောင်းသိရပြီး ၄င်းတို့သည် အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့ဝင်စစ်စစ်များ သို့မဟုတ် အရေခြုံထားသူများကို ကွဲကွဲပြားပြားမသိရသေးဟုဆိုသည်။ **(အင်တာနက်)**

## တူရကီအရှေ့တောင်ပိုင်း၌ လက်နက်ကိုင်တိုက်ခိုက်မှုဖြစ်ပွား



အင်ကာရာ ဇွန် ၂၀

တူရကီနိုင်ငံအရှေ့တောင်ပိုင်းတွင် ပီကေကေလက်နက်ကိုင်များက တိုက်ခိုက်သဖြင့် အနည်းဆုံးတူရကီတပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးပြီး ၁၆ ဦးဒဏ်ရာရသွားကြောင်း တူရကီလုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

ဟက်ကာရီပြည်နယ် ယက်ဆီတပ်ဒေသရှိ တူရကီတပ်ကင်းစခန်းကို တိုက်ခိုက်ရန် အီရတ်နိုင်ငံမြောက်ပိုင်း၌ ခြေကုပ်ယူထားသည့် ပီကေကေလက်နက်ကိုင်များ **(ဝဲပုံ)** တူရကီနိုင်ငံအတွင်း ဝင်ရောက်လာစဉ် ဇွန် ၁၉ ရက်က ယူဆီကိုဗာနယ်ခြားဒေသ၌ တူရကီတပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံကာ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**ပြောကြား**

ယခင်က ပီကေကေလက်နက်ကိုင်များနှင့် အစိုးရတပ်များ အကြီးအကျယ် တိုက်ပွဲဖြစ်ပွားသည့် တောတောင်ထူသောဒေသအထိ လက်နက်ကိုင်တို့ကို အစိုးရတပ်က လိုက်လံတိုက်ခိုက်နေကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

**(အင်တာနက်)**

## နိုင်ငံတကာသတင်းအတိုအထွာ ၂၀-၆-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

### ကီလိုမီတာ ၁၀၄၀၀ ရှည်သည့် မီးရထားလမ်း အီရန်စတင်ဖောက်လုပ်

*အီရန်နိုင်ငံတွင် ကီလိုမီတာ ၁၀၄၀၀ ရှည်လျားသည့် မီးရထားလမ်းကွန်ရက်တစ်ခု(အောက်ပုံ)ကို နိုင်ငံတစ်ဝန်းဆက်သွယ်သွားလာနိုင်ရန် စတင်ဖောက်လုပ်နေပြီဖြစ်ကြောင်း အီရန်နိုင်ငံလမ်းပန်းဆက်သွယ်ရေးနှင့်မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဒုတိယဝန်ကြီးက ဇွန် ၁၉ ရက်တွင် ပြောကြားလိုက်သည်။ အီရန်နိုင်ငံတွင် မီးရထားလမ်းကွန်ရက်အသစ်များတိုးချဲ့ရန်စီစဉ်လျက်ရှိကြောင်း အီရန်၊ တာ့မင်နစ္စတန်နှင့် ကာဇက်စတန်သုံးနိုင်ငံသဘောတူညီချက်တစ်ရပ်အရ မီးရထားလမ်းကွန်ရက်တစ်ခုဖောက်လုပ်မှုကို အီရန်နိုင်ငံမြောက်ပိုင်း ဂျော်ဂန်မြို့မှ တာ့မင်နစ္စတန်နယ်စပ်တစ်လျှောက်ရှိ အင့်ချ်-ဘော်ရွန်မြို့များသို့ဖြတ်၍ ယခုနှစ်ကုန်ပိုင်းတွင် ဆက်သွယ်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးအာမက်ဆာဒီက ပြောကြားခဲ့သည်။ ထို့အပြင် အရှည် ကီလိုမီတာ ၃၂၀၀ နှင့် ကီလိုမီတာ ၅၀၀၀ ရှိအဝေးပြေးလမ်းများကိုလည်း နိုင်ငံအတွင်း၌ တည်ဆောက်သွားမည်ဖြစ်ပြီး အဆိုပါလမ်းကွန်ရက်များပြီးမြောက်သွားသည့်အခါ နိုင်ငံ၏စီးပွားရေးနှင့်လူမှုဆက်ဆံရေးများ အထူးဖွံ့ဖြိုးတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။*



### တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့အနီး ရထားနှစ်စင်းတိုက်မိ

*တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့အနီးတွင် ဇွန် ၁၉ ရက်က ရထားနှစ်စင်းတို့တိုက်မှုဖြစ်ပွားကြောင်း၊ သေကျေပျက်စီးမှုသတင်းထုတ်ပြန်ခြင်းမရှိသေးကြောင်း ကိတ်တောင်းမြို့ သဘာဝဘေးအန္တရာယ်စီမံကွပ်ကဲရေးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါရထားတိုက်မှုသည် ယင်းနေ့ ဒေသစံတော်ချိန် ၁၇ နာရီ ၁၅ မိနစ်ခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကိတ်တောင်းမြို့မှ မာလ်မတ်စ်ဘူရီမြို့သို့ ခရီးသည် ၃၀၀ ကျော်တင်ဆောင်ပြေးဆွဲနေသည့်ရထားတစ်စင်းနှင့် ရပ်ထားသောကုန်စည်ရထားတစ်စင်းတို့ ကိတ်တောင်းမြို့ကြား ဖီစန်တာစ်ရာနှင့်ဒူဘန်ဗီလီဆင်ခြေဖုံးဒေသတို့တွင် တိုက်မိခဲ့ခြင်းဖြစ်သည်။ ဖြစ်ပွားရသည့်အကြောင်းအရင်းကို မသိရသေးကြောင်း အဆိုပါသတင်းဌာနက ပြောကြားခဲ့သည်။*

### အင်ဒိုနီးရှားတွင် ကူးတို့ရေယာဉ်တိမ်းမှောက်၊ ၅၈ ဦး ပျောက်ဆုံး

*အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းရေပြင်တွင် လေပြင်းမုန်တိုင်းများတိုက်ခတ်ပြီး ကြီးမားသောလှိုင်းလုံးကြီးများဖြစ်ပေါ်မှုကြောင့် လူဒါဇင်ပေါင်းများစွာတင်ဆောင်လာသော ကူးတို့ရေယာဉ်တစ်စင်းတိမ်းမှောက်ခဲ့ပြီးနောက် အနည်းဆုံး ၅၈ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဇွန် ၁၉ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ အဆိုပါကူးတို့ရေယာဉ်သည် ခရီးသည် ၇၀ အားတင်ဆောင်လာခဲ့ပြီး ဇွန် ၁၈ ရက်က ထိုသို့တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ကူးတို့ရေယာဉ်တိမ်းမှောက်ပြီးနောက် ၁၂ ဦးအား ကယ်ဆယ်နိုင်ခဲ့ပြီး ၅၈ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အရာရှိများက ပြောကြားသည်။ အဆိုပါရေယာဉ်သည် နိုင်ငံအရှေ့ပိုင်း မာလူကူပြည်နယ် အမ်ကွန်မြို့အနီးရှိ ဘူဂူကျွန်းသို့ ဦးတည်မောင်းနှင်စဉ် သုံးမီတာအမြင့်ရှိ ရေလှိုင်းကြီးများ အဆက်မပြတ်ဖြစ်ပေါ်မှုကြောင့် ထိုသို့တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံရှိ ရေပြင်တွင် ထိုသို့ရေယာဉ်မတော်တဆမှုများ မကြာခဏကြုံတွေ့ရလျက်ရှိသည်။* (အင်တာနက်)

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များနှင့် စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်းမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ စစ်တွေမြို့ ကယ်ဆယ်ရေးစခန်းများ၌ ရောက်ရှိနေသူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၀**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များနှင့် စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်းမှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ဇွန်လ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် စစ်တွေမြို့ ကယ်ဆယ်ရေး စခန်းများ၌ ရောက်ရှိနေကြသူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို လှည့်လည်ဆောင်ရွက်ပေးသည်။

အဆိုပါ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ဇွန် ၁၉ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက်၊ ရွှေစေတီကျောင်းတိုက်ရှိ ကယ်ဆယ်ရေးစခန်း၌ ရောက်ရှိနေသူများအား ကျန်းမာရေးအခြေအနေများကို စစ်ဆေးပေးပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးကြသည်။

ထို့နောက် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည်သဲချောင်းကျေးရွာရှိ ကယ်ဆယ်ရေးစခန်း၌ ရောက်ရှိနေကြသူများအား ဖျားနာမှုမရှိရေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရေးတို့အတွက် လိုက်နာဆောင်ရွက်သင့်သည့် ကျန်းမာရေးဆိုင်ရာများကို ပညာပေးဟောပြောဆွေးနွေးကာ ကျန်းမာရေးလက်ကမ်းစာစောင်များဖြန့်ဝေပေးပြီး လိုအပ်သည့် ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များသည် ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ မြောက်စံပြရပ်ကွက်၊ ဗုဒ္ဓါမော် ကျောင်းတိုက် ကယ်ဆယ်ရေးစခန်း၌ ရောက်ရှိနေကြသူများအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




## တရားမဝင် ဆင်ဆာမဲ့ခွေများ ရောင်းချနေသူကိုဖမ်းဆီး

**ရန်ကုန် ဇွန် ၂၀**

ဇွန် ၁၈ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ဝင်များနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အရှေ့ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် လှိုင်ထိပ်ခေါင်တင်လမ်းထောင့်ရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်(၁၈)ရပ်ကွက်နေ မိုးကျော်ဌေး(ခ)ထက်ကျော်ဌေး (၁၈) နှစ်၏ အခွေအရောင်းဆိုင်သို့ ဝင်ရောက်ရှာဖွေရာ နိုင်ငံခြားညစ်ညမ်းခွေငါးခွေပါ ဆင်ဆာမဲ့ခွေ ၅၆၅ ခွေ၊ ညစ်ညမ်းရုပ်ပုံကာဘာတစ်ခုနှင့် ပလတ်စတစ်ခြင်းလေးခြင်းတို့နှင့်အတူဖမ်းဆီးရမိခဲ့သဖြင့် မိုးကျော်ဌေး(ခ)ထက်ကျော်ဌေးအား ဒဂုံမြို့သစ်(မြောက်ပိုင်း) ရဲစခန်း(ပ) ၄၀၇/၂၀၁၂၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၂နှင့်(ပ) ၄၀၉/၂၀၁၂၊ ဗီဒီယိုအက် ၃၂(က)(ခ)တို့ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(ဆွေဆွေနိုင်-သတင်းစဉ်)**



## အသိဉာဏ်ပစ္စည်းနှင့်မူပိုင်ခွင့် အခြေခံသင်တန်းဖွင့်လှစ်

**ရန်ကုန် ဇွန် ၂၀**

အသိဉာဏ်ပစ္စည်းနှင့် မူပိုင်ခွင့်အခြေခံပို့ချခြင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း ရုံးချုပ်သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)**သင်တန်းတာဝန်ခံနည်းပြ ဦးအောင်စိုးဦး (မူပိုင်ခွင့်သုတေသီ)က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းတာဝန်ခံနည်းပြအဖြစ် ဦးအောင်စိုးဦး(မူပိုင်ခွင့်သုတေသီ)နှင့် တရားလွှတ်တော်ရှေ့နေများဖြစ်ကြသော ဦးသန်းမောင်(စစ်တွေ)၊ ဦးကျူးခေါင်၊ ဦးမောင်မောင်ဝင်းတို့က သင်တန်းပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မောင်တောမြို့နယ်အတွင်း မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသော မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများရှိ တိုင်းရင်းသားကျေးရွာများ၏ မီးလောင်နေရာများအား ပြန်လည်ရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၀**

မောင်တောမြို့နယ်အတွင်း မီးရှို့ဖျက်ဆီးခံခဲ့ရသောမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများရှိ တိုင်းရင်းသားကျေးရွာများ၏ မီးလောင်နေရာများအား ပြန်လည်ရှင်းလင်းရေးလုပ်ငန်းများကို ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ တပ်မတော်သားများ၊ နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်မှ တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များမှ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

မောင်တောမြို့နယ်အတွင်း ကယ်ဆယ်ရေးစခန်း (၇)ခု၊ ဘူးသီးတောင်မြို့နယ်အတွင်း ကယ်ဆယ်ရေးစခန်း (၁)ခု၊ ဖွင့်လှစ်ထားရှိရာစခန်းများရှိ မိသားစုဝင်များအတွက် ထောက်ပံ့ပေးလာသောကယ်ဆယ်ရေးပစ္စည်းများ၊ ဆောင်၊ အဝတ်အထည်၊ ဒန်အိုး၊ ဆေးဝါး၊ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငရုတ်နှင့် အခြားအသုံးအဆောင်ပစ္စည်းများအပြင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တစ်အိမ်ထောင်လျှင် ကျပ်သုံးသောင်း (၃၀၀၀၀ိ/-)နှုန်းဖြင့် ထောက်ပံ့ငွေများကိုလည်း ပေးအပ်ခဲ့သည်။

ယခုအခါ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များတွင် တည်ငြိမ်အေးချမ်းမှုရှိလာပြီဖြစ်၍ ကယ်ဆယ်ရေးစခန်းအသီးသီးသို့ တိမ်းရှောင်ရောက်ရှိနေကြသော ကျေးရွာများအနက် မိမိတို့၏ ကျေးရွာမီးရှို့ဖျက်ဆီးခြင်းမခံရဘဲ တိမ်းရှောင်လာသောကျေးရွာများဖြစ်သည့် ငွေတောင်ကျေးရွာ၊ မကျည်းကုန်းကျေးရွာ၊ သာယာကုန်းကျေးရွာ၊ ဝေသာလီကျေးရွာ၊ ကံသာယာ (အထက်)ကျေးရွာ၊ ကံပြင်သာစည်ကျေးရွာ၊ အောင်သာယာကျေးရွာ၊ အောင်သပြေကျေးရွာ၊ ဥဒေါင်း(နတလ) ကျေးရွာနှင့် ကိုင်းကြီး(နတလ)ကျေးရွာများရှိ အိမ်ထောင်စု ၂၇၇ စု၊ မိသားစုဝင် ၁၂၁၅ ဦးတို့အား ၎င်းတို့၏ နေရပ်ကျေးရွာများသို့ ပြန်လည်ပို့ဆောင်ရာတွင် တပ်မတော်သားများက ကူညီစောင့်ရှောက်၍ နေရပ်အသီးသီးသို့အရောက် ဘေးကင်းစွာ ပို့ဆောင်ပေးခဲ့သည်။

နေရပ်ပြန်ရန် ကျန်ရှိနေသော ကယ်ဆယ်ရေးစခန်းရှိ မိသားစုဝင်များကိုလည်း တာဝန်ရှိသူများမှ လူဦးရေစာရင်းဇယားများကို စနစ်တကျကောက်ခံ ဆောင်ရွက်ထားလျက်ရှိကြောင်း၊ ၎င်း၏ မိသားစုဝင်များမှလည်း မကြာမီအချိန်အတွင်း မိမိနေရပ်ကျေးရွာ၊ ရပ်ကွက်များသို့ ပြန်လည်ပြောင်းရွှေ့ရန် စီစဉ်နေလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြင့်မောင်စိုး — စုစည်းသည်

# ယူရို ၂၀၁၂ ကွာတားဖိုင်နယ် ချက်နှင့်ပေါ်တူဂီတွေ့ကြမို

**ဝါဆော ဇွန် ၂၀**

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲအဖြစ် ဇွန် ၂၂ ရက်နံနက်ပိုင်းတွင် ချက်အသင်းနှင့် ပေါ်တူဂီအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ချက်အသင်းသည် အုပ်စု(က)မှ ကွာတားဖိုင်နယ်သို့ အုပ်စုဗိုလ်ဖြင့် တက်လာသောအသင်းဖြစ်သည်။ ချက်အသင်းသည် အုပ်စုအဆင့်တွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။ လက်ရှိခြေစွမ်းအရ ချက်အသင်းသည် လျှော့တွက်လို့မရသည့် အသင်းကောင်းတစ်သင်းဖြစ်သည်။ ထို့အတူ အုပ်စု(ခ)မှ ကွာတားဖိုင်နယ်သို့ တက်ရောက်လာသော ပေါ်တူဂီအသင်းသည်လည်း ကွာတားဖိုင်နယ်မှ လွတ်မြောက်ပြီး ဆီမီးဖိုင်နယ်တက်နိုင်ခြေရှိသည့်အသင်းဖြစ်သည်။ ကမ္ဘာကျော်ဘောလုံးသမား စီရိုနယ်ဒိုနှင့် နာနီတို့ ဦးဆောင်သော ပေါ်တူဂီအသင်း၏ ခြေစွမ်းမှာလည်း မသေးလှပေ။ ပေါ်တူဂီအသင်းသည် အုပ်စုပြိုင်ပွဲတွင် နာမည်ကြီးနယ်သာလန်ကို အနိုင်ကစားခဲ့သည့်အသင်းဖြစ်သည်။ သို့သော်လည်း ကွာတားဖိုင်နယ်တွင် ချက်အသင်းက ပွတ်ကာသီကာနိုင်ပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ ပေါ်တူဂီတိုက်စစ်မှူးများ ချက်နောက်တန်း ကစားသမားများ၏အမှားကိုစောင့်ပြီး ထိထိမိမိအခွင့်အရေးကို အသုံးချနိုင်မှသာလျှင် ပေါ်တူဂီက ချက်အသင်းကို အနိုင်ရဖွယ်ရှိသည်။ **(အင်တာနက်)**



ချက်နှင့် ရုရှားတို့ အုပ်စုပွဲ ယှဉ်ပြိုင်ကစားခဲ့ကြစဉ်။

# ဆွီဒင်နိုင်သော်လည်း ပြိုင်ပွဲမှထွက်ခဲ့ရ ပြင်သစ်နှင့်စပိန် ကွာတား၌တွေ့မည်

***ဝါဆော ဇွန် ၂၀***

*ယူရို ၂၀၁၂ အုပ်စုပြိုင်ပွဲများကို ဇွန် ၂၀ ရက် နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အုပ်စု (D) ပြိုင်ပွဲတွင် ဆွီဒင်က ပြင်သစ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။* ***(အောက်ပုံ)***

*ဆွီဒင်အသင်းအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး အီဘရာဟင်မိုဗစ်နှင့် လာဆင်တို့က သွင်းယူပေးခဲ့သည်။ ပြင်သစ်အသင်းသည် ဆွီဒင်အသင်းကို ခက်ခက်ခဲခဲကစားခဲ့ရသည်။ ဆွီဒင်တို့ ပြင်သစ်အသင်းကို အနိုင်ကစားနိုင်ခဲ့သော်လည်း ပြိုင်ပွဲမှထွက်ခဲ့ရသည်။ ဆွီဒင်အသင်းသည် အုပ်စုပြိုင်ပွဲတွင် ပထမဆုံး အနိုင်ရလိုက်ခြင်းကြောင့် ရမှတ်သုံးမှတ်သာရခဲ့သည်။ ပြင်သစ်အသင်းနှင့် မကစားမီက ယူကရိန်းကို နှစ်ဂိုး-တစ်ဂိုး၊ အင်္ဂလန်ကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။*

*ပြင်သစ်အသင်း၏ ယခုပွဲတွင် ရှုံးနိမ့်မှုသည် နည်းပြလောရင့်ဘလန့်လက်ထက် နိုင်ငံတကာပွဲပေါင်း ၂၄ ပွဲ ကစားခဲ့ရာတွင် ပထမဆုံးရှုံးနိမ့်မှုပင်ဖြစ်သည်။ ပြင်သစ်အသင်းသည် ပွဲစဉ်တစ်လျှောက်တစ်ပွဲသရေ၊ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ပြင်သစ်တို့အုပ်စုပြိုင်ပွဲ အဖွင့်ပွဲတွင် အင်္ဂလန်ကို တစ်ဖက်တစ်ဂိုးစီ သရေကစားပြီး ယူကရိန်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ နောက်ဆုံးပွဲတွင် ဆွီဒင်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ သို့သော်လည်း ပြင်သစ်အသင်းသည် အုပ်စုဒုတိယဖြင့် ရမှတ် ၄ မှတ်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ ပြင်သစ်အသင်းသည် ကွာတားဖိုင်နယ်အဖြစ် လာမည့် ဇွန် ၂၄ ရက် နံနက်တွင် လက်ရှိချန်ပီယံ စပိန်အသင်းနှင့် ကစားရမည်ဖြစ်သည်။* ***(အင်တာနက်)***



# အင်္ဂလန်အသင်း အုပ်စုဗိုလ်ဖြင့် ကွာတားတက်ပြီး အီတလီနှင့်တွေ့ဆုံ



ဝါဆော ဇွန် ၂၀

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇွန် ၂၀ ရက် နံနက်ပိုင်းက ဆက်လက်ကျင်းပခဲ့သည်။ အုပ်စု (D) ပြိုင်ပွဲအဖြစ် အင်္ဂလန်နှင့် ယူကရိန်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

အင်္ဂလန်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို တိုက်စစ်မှူး ရွန်နေက ပွဲချိန် ၄၈ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူးရွန်နေသည် နှစ်ပွဲပိတ်ပင်ခံထားပြီးနောက် ပထမဆုံးအကြိမ် အင်္ဂလန်အသင်းတွင် ပါဝင်လာခြင်းဖြစ်သည်။ ရွန်နေသည် အင်္ဂလန်အသင်းတွင် ပြန်လည်ပါဝင်ကစားခွင့်ရသည့်ပွဲမှာပင် အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ (ဝဲပုံ) ရွန်နေသည် ယူရို ၂၀၀၄ ခုနှစ်တွင် အင်္ဂလန်က ခရိုအေးရှားကို လေးဂိုး-နှစ်ဂိုးဖြင့်နိုင်သည့် ပွဲပြီးနောက် ပထမဆုံးအကြိမ် အင်္ဂလန်အသင်းအတွက် ဂိုးသွင်းယူပေးခြင်းဖြစ်သည်။ အမှန်မှာ အင်္ဂလန်အသင်းသည် ကွာတားဖိုင်နယ်တွင် လက်ရှိချန်ပီယံ စပိန်အသင်းနှင့် တွေ့နိုင်သည့် အနေအထားဖြစ်သည်။ သို့သော်လည်း ဆွီဒင်က ပြင်သစ်ကို အနိုင်ကစားလိုက်ခြင်းကြောင့် အင်္ဂလန်တို့အုပ်စုဗိုလ်ရခဲ့ခြင်းကြောင့်သာ စပိန်ကို ကွာတားဖိုင်နယ်တွင် ရှောင်နိုင်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အသင်းသည် အုပ်စုပြိုင်ပွဲတစ်လျှောက် နှစ်ပွဲနိုင်၊ တစ်ပွဲသရေကျကာ အုပ်စုဗိုလ်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်အသင်းသည် ပြင်သစ်ကို တစ်ဂိုးစီသရေကစားခဲ့သည်။ သို့သော် ဆွီဒင်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ကစားပြီး ယူကရိန်းကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ကာ ကွာတားတက်ရောက်ခဲ့ခြင်းဖြစ်သည်။ လာမည့် ဇွန် ၂၅ ရက် နံနက်တွင် အင်္ဂလန်အသင်းနှင့် အီတလီတို့ ကွာတားဖိုင်နယ်ပွဲအဖြစ် ကစားရမည်ဖြစ်သည်။

(အင်တာနက်)

# အားကစားလေ့ကျင့်ရေးစခန်း(လယ်ဝေး)၌ အားကစားလေ့ကျင့်နေမှုများ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၂၀

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက် ၇ နာရီခွဲတွင် အားကစားလေ့ကျင့်ရေးစခန်း (လယ်ဝေး) သို့ သွားရောက်၍ ကျွမ်းဘားအားကစားလေ့ကျင့်ရေးခန်းမ၌ ကျွမ်းဘားအားကစားသမားများလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မီတာ ၄၀၀ ပြေးလမ်းအတွင်း Synthetic ခင်းကျင်းနေမှု၊ ဘောလုံးကွင်းအတွင်း မြက်မွေးမြူထားမှုနှင့် စားသောက်ဆိုင်များရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း အားကစားလေ့ကျင့်ရေးစခန်း (လယ်ဝေး) ၌ ကျွမ်းဘားအားကစားသမားများ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

“မြန်မာအမျိုးသမီးများနေ့”
ဇူလိုင်လ (၃) ရက်

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး Website လွှင့်တင်

နေပြည်တော် ဇွန် ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ Website ဖြစ်သော www.myanmar constitutional tribunal. org.mm ကို ဇွန် ၂၁ ရက်တွင် စတင်ထုတ်လွှင့်မည်ဖြစ်သည်။ အဆိုပါ Website တွင် အဖွင့်စာမျက်နှာ၊ နောက်ခံသမိုင်း၊ သတင်းစုံ၊ အခြေခံဥပဒေအကြောင်းသိကောင်းစရာ၊ ဥပဒေနှင့် ဆုံးဖြတ်ချက်များ၊ ညှိနှိုင်းဆွေးနွေး၊ မှတ်တမ်းဓာတ်ပုံကဏ္ဍဟူ၍ပါရှိပြီး အခြေခံဥပဒေအကြောင်းသိကောင်းစရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄ ခုနှစ်)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၁၉၄၇ ခုနှစ်) တို့ကိုလည်းကောင်း၊ ဥပဒေနှင့် ဆုံးဖြတ်ချက်များတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေနှင့် နည်းဥပဒေများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းခဲ့သောကိစ္စရပ်များအတွက် ခုံရုံး၏ဆုံးဖြတ်ချက်အပြည့်အစုံ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဖွဲ့စည်းပုံတို့ကိုလည်းကောင်း ဖော်ပြထားသည်။ ထို့ပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်သည့်ဆောင်းပါးများ၊ စာတမ်းများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆောင်ရွက်ချက်များ၊ သတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဖော်ပြသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေကြွေးကျန် ပြည်နယ်နှင့် တိုင်းဒေသကြီးများ အမြန်ဆုံး ပြေကျေပြန်လည်ပေးဆပ်ရေးနှိုးဆော်

နေပြည်တော် ဇွန် ၂၀

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၁၁ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ထုတ်ချေးခဲ့ရာ ငွေကျပ်သန်းပေါင်း ၃၁၂၁၁၂ ဒသမ ၆၈ သန်း ရှိခဲ့ပြီး ၁၈-၆-၂၀၁၂ ရက်အထိ ကောက်ခံရငွေမှာ ကျပ်သန်းပေါင်း ၃၀၂၃၈၄ ဒသမ ၁၂ သန်းဖြစ်သဖြင့် ၉၆ ဒသမ ၈၈ ရာခိုင်နှုန်း ကောက်ခံရရှိပြီးဖြစ်သည်။

ကြွေးကျန်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ဖြစ်ပြီး ကြွေးကျေပြီးသော မြို့နယ်များတွင် ယခု ၂၀၁၂ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေများကို အရင်းအနှီးနှင့် ငွေကြေးအခက်အခဲရှိသော တောင်သူများသို့ စပါးတစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ကြွေးကျန်သော ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် ကြွေးကျန်များ အမြန်ဆုံး ပြေကျေစေရေးအတွက် ဆောင်ရွက်သွားရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်ပွဲကို ဇွန် ၁၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က မြို့နယ်အဆင့်ဌာနဆိုင်ရာများထံ စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)



# အိုလံပစ်နေ့အထိမ်းအမှတ် အာဆီယံစစ်တုရင်ပြိုင်ပွဲစတင်

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ကကြီးမှူးကျင်းပသော ၂၀၁၂ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အာဆီယံစစ်တုရင်ပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အမှုဆောင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ဆွတ်ခူးနိုင်**

အာဆီယံစစ်တုရင်ကစားနည်းမှာ မြန်မာ့ရိုးရာ၊ ထိုင်းရိုးရာ၊ ကမ္ဘောဒီးယားရိုးရာစသည့် စစ်တုရင်ကစားနည်း(၃)မျိုးကို ပေါင်းစပ်ထားသော စစ်တုရင်ကစားနည်းတစ်မျိုးဖြစ်သည်။ ပြီးခဲ့သည့် အင်ဒိုနီးရှား (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ပထမဦးဆုံးအကြိမ် အာဆီယံစစ်တုရင်ပြိုင်ပွဲကို ထည့်သွင်း ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ မြန်မာ့လက်ရွေးစင် ဝင်းဇော်ထွန်း(လယ်/ဆည်)က ဒုတိယငွေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

**ကျင်းပသွား**

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌လည်း ဒုတိယအကြိမ် အာဆီယံစစ်တုရင်ပြိုင်ပွဲကို ထည့်သွင်းကျင်းပမည်ဖြစ်ရာ ယခု ၂၀၁၂ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ်အာဆီယံစစ်တုရင်ပြိုင်ပွဲ၌ အစွမ်းပြသကြမည့် အာဆီယံစစ်တုရင်အားကစားသမားများအား ပဏာမရွေးချယ်ကြပြီး ဆက်လက်၍ လေ့ကျင့်ပေးမည်ဖြစ်ကြောင်းနှင့် ၂၀၁၂ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အာဆီယံစစ်တုရင်ပြိုင်ပွဲကို ဇွန် ၂၆ ရက်အထိ ယင်းအဖွဲ့ချုပ်ခန်းမဆောင်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**




ပါဝင်ယှဉ်ပြိုင်

၂၀၁၂ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အာဆီယံစစ်တုရင်ပြိုင်ပွဲ၌ အာဆီယံစစ်တုရင်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်စဉ်။ (စစ်တုရင်အဖွဲ့ချုပ်)

# ချင်းပြည်နယ်မြောက်ပိုင်းထွက် ကုန်စိမ်းများ ချင်းတွင်းမြစ်အထက်ပိုင်းတွင် ဈေးကောင်းရ

ဟားခါး ဇွန် ၂၀

ချင်းပြည်နယ်မြောက်ပိုင်းရှိ အဓိကမြို့ကြီးများဖြစ်သော ဟားခါး၊ ဖလမ်း၊ တီးတိန်၊ ထန်တလန်တို့မှ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ခရမ်းချဉ်သေတ္တာများ တင်ဆောင်လာသော ယာဉ်ကြီး၊ ယာဉ်ငယ်များသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ဗိုလ်ချုပ်လမ်း တောင်ဖီလာရပ် တာတန်းရပ်ရှိ ကုန်စိမ်းပွဲရုံများသို့ နေ့စဉ်မပြတ်ဝင်ရောက်လျက်ရှိသည်။ ကလေးမြို့ရှိ ကုန်စိမ်းပွဲရုံများတွင် လက်လီလက်ကားဈေးနှုန်းသက်သာစွာဖြင့် ရောင်းချလျက်ရှိသည်။ ကုန်စိမ်းရောင်းဝယ်သည့် ကုန်သည်များ၊ ဒေသခံပြည်သူများ ဝယ်လိုအားကောင်းနေ၍ ကုန်စိမ်းအိတ်ကြီးများ ယာဉ်ပေါ်မှ ချသည်နှင့် လက်ကျန်မရှိအောင် ဖြစ်နေကြသည်။ **(အောက်ပုံ)**

**ရောင်းဝယ်လျက်ရှိ**

ကလေးမြို့ပေါ်နှင့် ချင်းတွင်းမြစ်အထက်ပိုင်းမြို့ကြီးများဖြစ်သော ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ခန္တီးစသောမြို့ကြီးများနှင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ရှိ ရတနာမော်များဖြစ်သော နမ့်တော၊ ဗိဿနိုး၊ မာမိုင်၊ ဟောင်ပါး၊ ဖားကန့်၊ တောမော်၊ လုံးခင်းတို့တွင်လည်း ဈေးကောင်းရလျက်ရှိသည်။ အဆိုပါ ကုန်စိမ်းများရောင်းဝယ်ရာတွင် ကလေးမြို့ ကုန်စိမ်းဈေးကွက်သို့ သုံးဘီးယာဉ်၊ ခြောက်ဘီးယာဉ်တို့ဖြင့် သယ်ယူပြီး ကလေးဝမြို့ရေယာဉ်ဆိပ်ကမ်းမှတစ်ဆင့် ချင်းတွင်းမြစ်အထက်ပိုင်းသို့ စက်တပ်ရေယာဉ်များဖြင့် သယ်ယူရောင်းဝယ်လျက်ရှိကြောင်း သိရှိရသည်။ **(၁၆၅)**



# တစ်ဖက်နိုင်ငံမှ လိုင်စင်မဲ့စားသုံးဆီနမူနာများအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်များအရ အသုံးပြုပြီး ဆီအရောများကို ပြန်လည်ပြုပြင်ထားသောဆီများဖြစ်သဖြင့် အများပြည်သူစားသုံးရန်မသင့်လျော်ကြောင်း သတိပေးနှိုးဆော်

နေပြည်တော် ဇွန် ၂၀

မြန်မာနိုင်ငံအတွင်း တင်သွင်းလာသည့် စားအုန်းဆီများကို နမူနာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီး ပြည်သူလူထုစားသုံးရန်သင့်တော်ကြောင်း ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ ထောက်ခံချက်ရရှိမှသာ ပြည်တွင်းသို့ ဖြန့်ဖြူး ရောင်းချခွင့်ပြုထားပြီး မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီတို့က အရည်အသွေးစံချိန် စံညွှန်းများ မှန်ကန်ရေးနှင့် စည်းစနစ်ကျနစွာ တင်သွင်းရေးကို ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

သို့ရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်းသို့ တစ်ဖက်နိုင်ငံမှ တရားမဝင် လိုင်စင်မဲ့ စားသုံးဆီများဝင်ရောက်လာသည့်အတွက် ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီက အဆိုပါစားသုံးဆီများ၏အခြေအနေကို စိစစ်ခဲ့ရာ တစ်ဖက်နိုင်ငံဆီစက်များ၏ ဘေးထွက်ဆီများနှင့် ကြော်ပြီးဆီများကို အအေးခံစုစည်း၍ ပြန်လည်သန့်စင် ချက်လုပ်သောဆီများဖြစ်ကြောင်း၊ ယင်းဆီများကို ပဲဆီ အနံ့ထွက်စေသည့် အရည်တစ်မျိုးရောစပ်ပြီး ပဲဆီအဖြစ် ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၎င်းဆီများကို စားသုံးရန်သင့်တော်ခြင်း ရှိ/မရှိ စစ်ဆေးနိုင်ရေး ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၊ မြန်မာနိုင်ငံစိုက်ပျိုးရေးအခြေခံစားသောက်ကုန်အသင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ ရိတ်သိမ်းချိန်လွန် နည်းပညာအသုံးချဌာနတို့ရှိ ဓာတ်ခွဲခန်းများသို့ နမူနာများပေးပို့ခဲ့ရာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးတွေ့ရှိချက်နှင့် Gas Chromatography စက်ဖြင့် စမ်းသပ်စစ်ဆေးတွေ့ရှိချက်များအရ မည်သည့်စားသုံးဆီအမျိုးအစားနှင့်မျှ ကိုက်ညီမှုမရှိကြောင်းနှင့် အသုံးပြုပြီး ဆီအရောများကို ပြန်လည်ပြုပြင်ထားသောဆီများဖြစ်သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရှိရသည်။

သို့ဖြစ်၍ အလားတူ စားသုံးရန်မသင့်လျော်သော အမည်မသိဆီများကို အများပြည်သူစားသုံးပါက ကာလတစ်ခုအတွင်း အနှေးနှင့်အမြန် ကျန်းမာရေးထိခိုက်လာနိုင်သဖြင့် လုံးဝစားသုံးခြင်းမပြုရန် ကျန်းမာရေးဝန်ကြီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိမ်အပြေး မိုးအပွင့် တကော့ခမှိုင်ရဲ့ အလင်းတံခါးသစ်ကိုဖွင့်

ဒေါက်တာနီလာသိန်း (လင်းရောင်သစ်)

အဘရေ- ကျွန်မရဲ့ဆောင်းပါးတွေမဖတ်ရတာကြာပြီလို့ အဘကပြောတော့ ခရီးတွေမသွားဖြစ်တာနဲ့ ရေးစရာ 'စာဝမ်းစာ'မရှိလို့ပါလို့ ပြန်ဖြေခဲ့တယ်နော်။ အမှန်တကယ်လည်း အခြားအသင်းအဖွဲ့တွေ၊ ပြည်တွင်း ပြည်ပအလှူရှင်တွေကတော့ သူတို့အစီအစဉ်နဲ့ သူတို့ လှုပ်ရှားနေကြပေမယ့် ဝန်ထမ်းဖြစ်တဲ့ကျွန်မမှာ ၂၀၁၁ ဧပြီလကစလို့ တစ်နှစ်ကျော် ရပ်နေခဲ့မိတယ်။ အဲဒီအချိန်မှာပဲ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းရဲ့ မွန်ပြည်နယ်ခရီးစဉ်ကို လိုက်ပါဖို့အကြောင်းက ဖန်လာခဲ့ပါတယ်။ ဘီလူးကျွန်း ချောင်းဆုံ မျက်စိအခမဲ့ခွဲစိတ်ကုသမှုခရီးမှာ မော်လမြိုင် ပြည်နယ်မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဥမ္မာရီကိုကူညီပေးဖို့အတွက် ဆရာကြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးမင်းသန်းညွှန့်က တာဝန်ပေးတာနဲ့ပဲ နှစ်ရက်အတွင်းမှာ ခရီးစဉ်အတွက် လိုအပ်တဲ့ပစ္စည်းတွေကို မော်လမြိုင်နဲ့ဆက်သွယ်ပြီး ကသောကမျောစုဆောင်းပြင်ဆင်ခဲ့ရတယ်။ အဲဒီချောင်းဆုံခရီးစဉ် အတွေ့အကြုံလေးကို အဘကိုပြောပြချင်တာနဲ့ပဲ ဒီစာကိုရေးလိုက်ရတာပါ။

ဇွန် ၆ ရက် မနက် ၇ နာရီခွဲမှာ ရွှေပါရမီအဖွဲ့ဝင်တွေ၊ ဆရာဝန်ဆရာမတွေ၊ MRTV-4၊ မြဝတီ၊ SKY NET နဲ့ မီဒီယာအဖွဲ့သားစုစုပေါင်း ၅၈ ဦးပါဝင်တဲ့အဖွဲ့ဟာ စိန်မြား Express ကားကြီးနဲ့ ရန်ကုန်ကနေ မော်လမြိုင်ကိုထွက်ခွာခဲ့ကြပါတယ်။ မော်လမြိုင်က အထူးကုဆရာဝန်အဖွဲ့ဝင် ၅၀ ကျော်ကလည်း အသင့်စောင့်နေပြီဖြစ်သလို ဒေါက်တာစောသွင်မွန်သိန်းနဲ့ အဖွဲ့ကလည်း ပဲခူးကနေ ထွက်လာပြီလို့ အကြောင်းကြားလာပါတယ်။ မွန်းလွဲ ၂ နာရီမှာ မော်လမြိုင်ကို ရောက်တာနဲ့ စထရင်းဟိုတယ်နဲ့ အတ္ထရံဟိုတယ်တွေမှာတည်းခိုဖို့ စီစဉ်ပေးပါတယ်။

ရန်ကုန်ကပါလာတဲ့ မိုက်ခရိုစကုပ်တွေ၊ လူနာခွဲစိတ်ခုတင်တွေ၊ ထိုင်ခုံတွေ၊ ဆေးဝါးပစ္စည်းတွေကိုလည်း ချောင်းဆုံကိုကြိုတင်ပို့ဖို့ နေ့ချင်းစီစဉ်ကြပါတယ်။ ဇွန် ၇ ရက် မနက် ၆ နာရီမှာတော့ ကျွန်မတို့အားလုံး ချောင်းဆုံကို ခရီးဆက်ခဲ့ကြပါတယ်။

သမိန်ဗရမ်း နှစ်ထပ်သဘောကြီးဟာ သံလွင်မြစ်ရဲ့ ရေပြင်ကျယ်ကို ထိုးခွဲခုတ်မောင်းလာစဉ်မှာတော့ ဘော်ရောင်ငွေရောင် လှိုင်းကြက်ခွပ်လေးတွေက စိန်ကြယ်ပွင့်လို တလက်လက်တောက်ပလို့နေကြတယ်။ သင်္ဘောကြီးရဲ့ ဘယ်ဘက်ကိုကြည့်လိုက်ရင် ရွှေရောင်အဆင်းနဲ့ ဝင်းပလို့နေတဲ့ စေတီပုထိုးတွေတည်ရှိရာ မော်လမြိုင်ဘက်ကမ်း၊ ညာဘက်စူးစူးမှာတော့ စိမ်းညို့နေတဲ့တောအုပ်တောတန်းတွေနဲ့ ဘီလူးကျွန်းဘက်ကမ်း၊ လေတဖြူးဖြူး မိုးတအုံ့အုံ့အောက်မှာ အဲဒီကြည်နူးဖွယ်ရာ ပတ်ဝန်းကျင်အလှတွေက ကျွန်မကိုဖမ်းစားထားခဲ့ပါတယ်။

ဘီလူးကျွန်းချောင်းဆုံလို့ လူသိများတဲ့ဘီလူးကျွန်းဟာ မော်လမြိုင်အနောက်ဘက် ကပ္ပလီပင်လယ်ပြင်ကြီးထဲမှာ သံလွင်မြစ်ကိုဖြတ်ပြီး တည်ရှိနေတဲ့ကျွန်းဖြစ်ပါတယ်။ ဒီရေတောကြီးလိုဖြစ်နေတာကြောင့် လေပြင်းမုန်တိုင်းအန္တရာယ်ကကင်းဝေးစေဖို့ သဘာဝကဖန်တီးပေးထားတဲ့ အကာအကွယ်တစ်ခုလို့ ပြောရမှာပါ။

ချောင်းဆုံမြို့နယ်ထဲမှာ ဘီလူးကျွန်း၊ ဟသ်ာကျွန်း၊ ဒေါက်ရပ်ကျွန်းနဲ့ မြေနုကျွန်းငယ်တွေပါဝင်ပြီး လက်ရှိမှာ ကျေးရွာပေါင်း ၈၇ ရွာရှိပြီး မွန်လူမျိုးတွေအများဆုံးနေထိုင်ရာဒေသဖြစ်ပါတယ်။ ဟိုအရင်တုန်းက ဘီလူးကျွန်းဒေသဟာ ကျေးရွာပေါင်း ၆၄ ရွာရှိခဲ့ပြီး အဲဒီခေတ် ငွေကြေးလဲလှယ်နှုန်းက တစ်ကျပ်မှာ ၆၄ ပြားရှိလို့ ဘီလူးကျွန်းကို 'တစ်ကျပ်ကျွန်း'လို့လည်း ခေါ်ခဲ့ကြတယ်လို့ဆိုပါတယ်။ ဘီလူးကျွန်းလို့ ဘာလို့ခေါ်လဲဆိုတဲ့အဆိုတွေက ငါးမျိုးတောင်ရှိသတဲ့ အဘရေ။ ရာဇဝင်ဆိုတာတော့ ပါးစပ်ရာဇဝင်ရော၊ ဒဏ္ဍာရီဆန်ဆန်တွေရော ရှိကြမှာပေါ့။ လက်ခံနိုင်ခြေရှိတာတော့ ဘီလူးကျွန်းကို မွန်ဘာသာနဲ့ 'တကော့ခမှိုင်'လို့ခေါ်ပြီး တကော့ဆိုတာ 'ကျွန်း'၊ ခမှိုင်ဆိုတာ 'ခမောင်းပင်'လို့ အဓိပ္ပာယ်ရပါတယ်။ နောက်အဆိုတစ်ခုကတော့ 'တကော့ခမိုင်'ဆိုတဲ့အမည်က ဆင်းသက်လာတယ်လို့ ဆိုတယ်။ တကော့ဆိုတာ 'ကျွန်း' 'ခမိုင်'ဆိုတာ စမင်းလူမျိုးလို့ ဆိုပါတယ်။ စမင်းလူမျိုးတွေဟာ ဟိုးယခင်က အဲဒီကျွန်းပေါ်မှာနေထိုင်ခဲ့ကြပြီး အဝတ်အစားမရှိ နှုတ်ခမ်းထူ၊ ဆံပင်ကောက်၊ အသားမည်း၊ ရေကူးသန်၊ ခက်ထန်ကြမ်းတမ်း၊ ဘီလူးနဲ့တူလို့ အဲဒီကျွန်းကို ယက္ခကျွန်း၊ ဘီလူးကျွန်းလို့ ခေါ်ဆိုခဲ့ကြကြောင်း၊ အဲဒီတုံးက စမင်းလူမျိုးတွေကို မွန်လူမျိုးတွေက တိုက်ထုတ်မောင်းနှင်လိုက်ကြောင်း ဗဟုသုတရခဲ့ပါတယ်။

သင်္ဘောကြီးပေါ်မှာတော့ ဇာတ်အဖွဲ့ကြီးတစ်ခုလိုပဲ ပျော်စရာကြီးပေါ့။ ဆရာကြီးပါမောက္ခ ဒေါက်တာဦးအောင်ခင်၊ ပါမောက္ခဒေါက်တာဦးမျိုးမင်း (ENT)၊ မမဒေါက်တာဒေါ်ခင်မေအုန်း၊ ဒေါက်တာဦးခင်မောင်တင် (ENT)၊ ဒေါက်တာဒေါ်ခင်မျိုးသိန်း၊ ဒေါက်တာဒေါ်ခင်ညို (ENT)နဲ့ သွားဆရာဝန် ဒေါက်တာညီညီတို့အဖွဲ့ ၊ မော်လမြိုင်က ဒေါက်တာဦးစံလှတို့အဖွဲ့တွေအားလုံးဟာ ချောင်းဆုံကိုရောက်ရင် စတင်လှုပ်ရှားနိုင်ဖို့ ကိုယ့်အုပ်စုနဲ့ကိုယ် အစီအစဉ်တွေ ဆွဲနေကြပါတယ်။ ကျွန်မတို့မျက်စိအဖွဲ့ကတော့ ဒေါက်တာဥမ္မာရီက ချောင်းဆုံကို နှစ်ရက်ကြိုသွားပြီး OPD လူနာ ၁၆၀၀ လောက်ကိုကြည့်ထားခဲ့ပြီး အတွင်းတိမ်လူနာ ၂၅၇ ဦးကို အသင့်ရွေးချယ်ထားပြီးဖြစ်လို့ စိတ်အေးလက်အေးနဲ့ပဲ မော်လမြိုင် မြို့မိမြို့ဖတွေဖြစ်တဲ့ ဦးလှရှိန် (ရွှေမြိုင်စတားကုမ္ပဏီ)၊ ဦးခင်အောင် (ဘိုးဘွားရိပ်သာဥက္ကဋ္ဌ)တို့နှင့် စကားလက်ဆုံကျနေခဲ့ပါတယ်။

အခု ကျွန်မတို့ အဓိကကျန်းမာရေးစောင့်ရှောက်မှုပေးမယ့် နေရာကတော့ ချောင်းဆုံဆေးရုံမှာ ဖြစ်ပါတယ်။ သင်္ဘောကြီးက နတ်မှော်ဆိပ်ကိုဆိုက်တာနဲ့ လာကြိုနေကြတဲ့ကားတွေ အများကြီးတွေ့ရပါတယ်။ ကျွန်မတို့အဖွဲ့ဟာ မြို့တော်ခန်းမမှာ 'ဖွင့်ပွဲအခမ်းအနား'ကျင်းပနေတာကိုမတက်တော့ဘဲ ဆေးရုံရှိရာကိုပဲ တန်းလာခဲ့ကြတယ်။ ရောက်တာနဲ့ မိုက်ခရိုစကုပ်တွေဆင်ကြ၊ ပစ္စည်းတွေနေရာချ၊ ရန်ကုန်နဲ့ မော်လမြိုင်ကနေ ခွဲစိတ်ကိရိယာတွေ၊ အဝတ်တွေကို တစ်ခါတည်းပေါင်းလာခဲ့တာမို့ ချက်ချင်းခွဲလို့ရတာနဲ့ လူနာတွေကို သူငယ်အိမ်ချဲ့၊ မျက်နှာသစ်၊ သန့်ရှင်းရေးတွေ လုပ်ပေးပြီး လုပ်ငန်းစတင်ပါတော့တယ်။ မွန်းတည့် ၁၂ နာရီမှာ ခွဲခန်းစတင်နိုင်ပြီး ဒေါက်တာဥမ္မာရီရယ်၊ ကျွန်မရယ်၊ ဒေါက်တာစောသွင်မွန်သိန်းရယ် တက်ညီလက်ညီခွဲလိုက်ကြတာ ည ၁၁ နာရီမှာ အတွင်းတိမ် ၇၃ ဦးကို အောင်မြင်စွာခွဲစိတ်ပေးနိုင်ခဲ့ပါတယ်။ နောက်တစ်နေ့မှာ ခွဲစိတ်ဖို့အတွက် ခွဲစိတ်ကိရိယာတွေဆေးကြော၊ ပေါင်းအိုးတွေ ပြန်ပြင်ပြီးတဲ့အချိန် ည ၁၂ နာရီခွဲဖြစ်သွားပါပြီ။ ကျွန်မတို့တည်းရမယ့် တောင်ပေါ်ကျောင်းကို ရောက်တော့ ညဉ့် ၁ နာရီဖြစ်နေပါပြီ။ အဲဒီအချိန်ကျမှာပဲ အနားယူဖို့ ပြင်ဆင်ရပါတယ်။ တောင်ပေါ်ကျောင်းက မုရစ်ကြီးကျေးရွာမှာရှိတဲ့ တရားရိပ်သာတစ်ခုဖြစ်ပြီး မဟာစည်၊ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးသောဘနနဲ့ ရိပ်သာအဖွဲ့က အဘက်ဘက်က လိုလေသေးမရှိအောင် စီစဉ်ပေးထားတာမို့ ဘုရားရိပ်၊ တရားရိပ်မှာ ခေတ္တနားခိုခွင့်ရတဲ့အတွက် စိတ်ကြည်နူးချမ်းမြေ့ခဲ့ရပါတယ်။ ၈ ရက်နေ့ မနက် ၆ နာရီမှာ မင်းကျောင်းမှာ နံနက်စာစားပြီးတာနဲ့ မင်းကျောင်းဆရာတော် ဦးသံဝရကို ဦးတင်နှုတ်ဆက်ပြီး ဒေါက်တာဥမ္မာရီက ခွဲပြီးလူနာတွေကို ပြန်စစ်ဆေးဖို့ လူနာတွေတည်းခိုရာ အထက်တန်းကျောင်းကို သွားပါတယ်။ ကျွန်မနဲ့ ဒေါက်တာစောသွင်မွန်သိန်းက ခွဲစိတ်ခန်းဆီသွားပြီး ကျန်ရှိနေတဲ့လူနာတွေကို ဆက်ပြီးခွဲစိတ်နိုင်ဖို့ ပြင်ဆင်ရပါတယ်။

အဘရေ-နောက်ဆိုရင် ကျန်းမာရေးစောင့်ရှောက်မှု ဖောင်ဒေးရှင်းတွေ၊ အသင်းအဖွဲ့တွေအနေနဲ့ ခရီးတစ်ခုကို သွားတော့မယ်ဆိုရင် ခွဲစိတ်ခန်းထဲမှာ ပြင်ဆင်ဖို့ရက်ကို ထည့်တွက်ဖို့ လိုပါတယ်။ ခွဲစိတ်ခန်းထဲမှာ ရေ၊ မီး၊ အဲယားကွန်းတွေကောင်း မကောင်း၊ အေးမအေး၊ ခွဲစိတ်ခန်းဟာ ပြင်ပအလင်းရောင်နဲ့ လင်းနေလို့မရဘူး။

လိုက်ကာ အရောင်ရင့်ရင့်နဲ့ ကာပေးထားရမယ်။ ခွဲတော့မယ်ဆိုမှ ဒါတွေလိုက်စစ်နေရရင် အချိန်သိပ်ကုန်တယ်။ ခွဲစိတ်ခန်းဟာ ပိုးသတ်ထားပြီးဖြစ်တာမို့ အဲဒီအချိန်ကျမှ ပြင်ဆင်ပေးမယ်ဆိုရင် ခွင့်ပြုလို့မရဘူး။ လူဝင်လူထွက်များလို့ မရတော့ဘူး။ အဲဒီအချက်တွေကို အသင်းအဖွဲ့ရဲ့ တာဝန်ရှိသူတွေ၊ အလှူရှင်တွေသိထားပြီး ပြင်ဆင်ပေးနိုင်ရင် ပြီးပြည့်စုံတဲ့ခရီးစဉ်တစ်ခုဖြစ်မယ်လို့ စေတနာစကားဆိုချင်ပါတယ်။

ဒီတော့လည်း အဘရေ ဟိုတုန်းကခရီးစဉ်တွေကို ပြန်ပြီးသတိရနေမိတယ်။ စစ်တွေ၊ သံတွဲ၊ မင်းပြား၊ ကျောက်ဖြူ၊ တောင်ကုတ်၊ မြောက်ဦး၊ ရသေ့တောင်စတဲ့ ရခိုင်ခရီးစဉ်တွေ၊ ရေနံချောင်း၊ ပခုက္ကူ၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ တောင်သာ၊ မလှိုင်စတဲ့ အညာခရီးစဉ်တွေ၊ ဖျာပုံ၊ ကွမ်းခြံကုန်း၊ ညောင်ကျိုး(အင်္ဂပူ)၊ လေးမျက်နှာ၊ လှိုင်လင်၊ မိုးညှင်း အဲဒီခရီးစဉ်တွေကတော့ ဘယ်တော့မှမမေ့နိုင်တဲ့ ကျွန်မဘဝရဲ့ မှတ်တိုင်တွေလို့ ပြောရမှာပါ။ ကောင်းတာလုပ်ပေမယ့် အခက်အခဲအတိုက်အခိုက်အမျိုးမျိုး၊ ဝေဖန်မှုအမျိုးမျိုးကြားကနေ ပညာလုပ်အားတစ်ခုသာပိုင်ဆိုင်တဲ့ ကျွန်မတို့ဟာ ပြည်သူတွေအလင်းရဖို့ဆိုတဲ့ ရည်ရွယ်ချက်တစ်ခုတည်းနဲ့ပဲ ရဲရဲကြီးလျှောက်ခဲ့ရတဲ့လမ်းတွေပေါ့။ အဲဒီတုန်းကတော့ မျက်စိသီးသန့်ခရီးစဉ်တွေဖြစ်ခဲ့ပြီး ခရီးတစ်ခုသွားတော့မယ်ဆိုရင် စီမံချက်တွေရေးပြီး သက်ဆိုင်ရာမြို့နယ်ဆီကို တစ်လကြိုပြီးသွားရတယ်။ အာဏာပိုင်အဖွဲ့အစည်းတွေ၊ မြို့မိမြို့ဖ၊ ဆေးရုံရဲ့ဝန်ထမ်းတွေ၊ မီးသတ်၊ ကြက်ခြေနီ၊ မိခင်ကလေး၊ အမျိုးသမီးရေးရာကစလို့ အသင်းအဖွဲ့တွေအားလုံးနဲ့ တွေ့ဆုံပြီး အသီးသီးတာဝန်တွေ ခွဲဝေပေးကြတယ်။ အရေးကြီးဆုံးက သက်ဆိုင်ရာဆေးရုံရဲ့ ခွဲစိတ်ခန်းဟာ စံချိန်စံညွှန်းနဲ့ ကိုက်ညီ၊ မညီ ကျွန်မတို့အဖွဲ့မလာခင် အနည်းဆုံး တစ်ပတ်ကြိုတင်ပြီး ပိုးသတ်ထားဖို့၊ လိုအပ်တဲ့ပစ္စည်းတွေထည့်ထားဖို့ မြို့နယ်ဆရာဝန်ကြီးနဲ့ အရင်ဆုံးတိုင်ပင်ဆွေးနွေးရတယ်။ အဲဒီနောက်မှာမှ လူနာစုဆောင်းဖို့ ဥပမာ-မြို့နယ်ဆေးရုံရဲ့လေးလပတ်အစည်းအဝေးကိုလာတက်တဲ့ အခြေခံကျန်းမာရေးဝန်ထမ်းတွေ၊ သားဖွား၊ အရန်သားဖွား ဆရာမတွေကို သူတို့ပိုင်တဲ့ကျေးရွာတွေမှာ ကျွန်မတို့အဖွဲ့လာမယ်ဆိုတဲ့ အကြောင်းကြားစာတွေ ဝေငှခိုင်းရတယ်။ လမ်းဆုံလမ်းခွ သင်္ဘောဆိပ်၊ လှေဆိပ်နဲ့ ဈေးတွေမှာ ကြော်ငြာတွေကပ်ရတယ်။ (လှိုင်လင်မှာဆို တစ်အိမ်တက်ဆင်းကို အသိပေးအကြောင်းကြားခဲ့ဖူးပါတယ်)ပြီးရင် လူနာတွေကိုကြိုပို့လုပ်ဖို့ ကား၊ လှေ၊ လှည်း၊ ထော်လာဂျီ၊ ဒီဇယ်ဆီစသည်ဖြင့် စီစဉ်ပေးရပါတယ်။ လူနာတွေညအိပ်တည်းခိုဖို့ စာသင်ကျောင်းတွေ၊ ဘုန်းကြီးကျောင်းတွေကို ရှာဖွေရတယ်။ အလှူရှင်က တတ်နိုင်ရင် လူနာတွေကို ထမင်းကျွေးဖို့ တာဝန်ယူရတယ်။ အဝေးကလာတဲ့ လူနာတွေ ၊ လူနာစောင့်တွေ စားရေးအဆင်ပြေစေဖို့ ဆေးရုံရှေ့မှာ ဈေးဆိုင်တွေ ဖွင့်ပေးရတယ်။ အဲဒီဈေးဆိုင်တွေကနေ ဝမ်းပျက်ဝမ်းလျှောရောဂါထပ်မရစေဖို့ ယင်မနားစေဖို့ သန့်ရှင်းစွာရောင်းချဖို့ အမြတ်နည်းနည်းနဲ့ရောင်းဖို့ ဈေးဆိုင်တွေကိုခေါ်ပြီး ပညာပေးရတယ်။ တချို့နေရာတွေမှာ NGO အဖွဲ့အစည်းတွေကို တာဝန်ယူရောင်းချစေခဲ့တယ်။ ဆေးရုံမှာရှိတဲ့ အိမ်သာနဲ့ လူနာ၊ လူနာစောင့်မမျှတတော့ ယင်လုံအိမ်သာ အလုံး ၂၀ လောက် အလှူရှင်က ဆောက်ပေးခဲ့ရသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ခရီးစဉ်တစ်ခုပြီးသွားရင် အဲဒီဆေးရုံဟာ သစ်လွင်ပြည့်စုံပြီး ကျန်ရစ်ခဲ့တာချည်းပါပဲ။ အဲဒီနောက်မှာမှရောက်လာမယ့် ဆရာဝန်အဖွဲ့ကို ဧည့်ခံကျွေးမွေးဖို့၊ OPD တာဝန်ခံ၊ ခွဲစိတ်ခန်းတာဝန်ခံစသည်ဖြင့် အဖွဲ့တွေဖွဲ့ရတယ်။ ခွဲစိတ်ကိရိယာတွေကို ရေသန့်နဲ့ပဲ ပြုတ်ရပေါင်းရတာမို့ ရေသန့်ဘူးတွေ စီစဉ်ရတယ်။ တချို့နေရာဆို ALPINE ဘူးတွေကို ရန်ကုန်ကနေသယ်ယူရတယ်။ တချို့ရေတွေက ထုံးဓာတ်များတော့ ခွဲစိတ်ကိရိယာတွေကို ပြုတ်ရင်၊ ပေါင်းရင် ရေချိုးတွေ ကပ်တတ်တယ်။ တောင်သာမှာတော့ အလှူရှင်က ဆေးရုံကို ရေသန့်စက်ကြီးတစ်ခု လှူဒါန်းခဲ့တယ်။ ခွဲစိတ်ပြီးနောက်တစ်နေ့ အဲဒီလူနာတွေကို မျက်စိသန့်ရှင်းရေးလုပ်၊ အမြင်အားစမ်းသပ်စစ်ဆေးပြီး ရှောင်ရန်၊ ဆောင်ရန်တွေပြောဖို့ မဏ္ဍပ်ထိုးပြီး ကုလားထိုင်တွေအပြည့်စီထားပေးရတယ်။ ဖုန်မထဖို့ ညကတည်းက ရေဖျန်းခိုင်းထားရတယ်။ မိုက်ခရိုဖုန်းတွေ၊ အခမ်းအနားစင်မြင့်တွေ ဆင်တန်ဆင်ရတယ်။ ခွဲပြီးတဲ့ လူနာတွေကို နီးစပ်ရာမျက်စိဆရာဝန်နဲ့အပ်နှံပေးရတယ်။ မရှိရင် မြို့နယ်ဆရာဝန်ကြီးကိုအပ်ပြီး အရေးကြီးတဲ့ လက္ခဏာတွေ့ရင် ကျွန်မတို့ဆီဆက်သွယ်ဖို့မှာရတယ်။

အမလေး အဘရေ- ပြောရတာနဲ့တောင် မောလိုက်တာ၊ လက်တွေ့သာဆိုရင် တွေးသာကြည့်ပါတော့။ အဲဒါတောင် မပြီးသေးဘူး၊ ကျန်သေးတယ်။ ဘာသာစကားအခက်အခဲရှိတဲ့နေရာဆိုရင် OPD ဆရာဝန်ရဲ့ စားပွဲဘေးမှာ ဒေသခံတွေထားပြီး ဆရာဝန်ရှေ့ လူနာမြန်မြန်ရောက်ဖို့၊ မေးတာမြန်မြန်ဖြေဖို့ လောဆော်ရတယ်။ ခွဲခန်းဆီပို့ဖို့၊ ဆီးချိုစစ်၊ သွေးပေါင်ချိန်၊ သူငယ်အိမ်ချဲ့၊ မျက်စဉ်းခတ်ဖို့၊ သတ်မှတ်ထားတဲ့ နေရာတွေဆီပို့နိုင်ဖို့ မီးသတ်၊ ကြက်ခြေနီတွေရဲ့ အကူအညီလည်းယူရသေးတယ်။ အဲဒီလို အဘက်ဘက်က မလိုအောင်စီစဉ်ထားမှ ခရီးစဉ်တစ်ခုဟာ အောင်မြင်မှုတွေရတာပါ အဘရယ်။

အခုခရီးစဉ်မှာလည်း လာပြတဲ့ပြည်သူတွေ တစ်လှေတစ်အုပ်ကြီးရယ်၊ လာကုပေးကြတဲ့ ဆရာဝန်အဖွဲ့တွေကို ချိန်ခွင်မှာချိန်ထိုးကြည့်ပြီး လူများလို့မှ ပွဲစည်ပါရဲ့လား။ ရလဒ်ကောင်းတွေ ဘယ်လောက်များရလိုက်ပါသလဲ။ ကျွန်မတို့ရဲ့ စွမ်းဆောင်မှုဟာ အားကိုးခံအားကိုးထိုက်သူတွေမှ ဖြစ်ခဲ့ပါရဲ့လားဆိုပြီး အရှုံးအမြတ်ကို ကျွန်မဘာသာ ထိုင်တွက်နေမိသေးတယ်။ ဟော အဲဒီလိုကြည့်ပြန်တော့လည်း အဖြေကရှင်းနေသားပဲ။ အခုလို ရွှေပါရမီခရီးစဉ်မျိုးကို ဘယ်အသင်းအဖွဲ့မှ မလုပ်နိုင်ပေဘူးလို့ ဘက်မလိုက်တမ်းပြောရမှာပဲ။ ရောဂါမှန်သမျှကုနိုင်တဲ့ ဆရာဝန်၊ ဆရာမတွေကို စုစည်းခေါ်ဆောင်နိုင်ခဲ့တာကတော့ ဩချလောက်ပါရဲ့။ အခုပဲကြည့်လေ။ စာရင်းချုပ်လိုက်ရင် ချောင်းဆုံမှာ စုစုပေါင်း လူနာ ၈၂၈၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့တယ်။ မျက်စိလူနာ ၃၀၁၁ ဦး၊ အထွေထွေ ၂၀၇၈ ဦး၊ အရိုး ၁၂၄၉ ဦး၊ သွားလူနာ ၅၄၁ ဦး၊ သားဖွားမီးယပ် ၁၃၁ ဦး၊ အရေပြား ၁၆၇ ဦး၊ နားနှာခေါင်းလည်ချောင်း (၇၈၇ ဦးမှာ ၂၅ ဦးကို ခွဲစိတ်ပေးခဲ့)၊ ကလေးလူနာ ၂၄၈ ဦး၊ ခွဲစိတ်လူနာ ၇၇ ဦးတို့ကို ကုသမှုတွေပေးနိုင်ခဲ့ကြသလို ရွှေပါရမီရဲ့လှူဒါန်းမှုတွေကလည်း အံ့မခန်းပါပဲ။ လူနာတွေကို ထမင်းလည်းကျွေး၊ အဝတ်လည်းဆင်၊ ခွဲခန်းထဲဝင်လာတဲ့အဘတွေဆို အားကစားဘောင်းဘီရှည်အပျော့လေးတွေ စွပ်ကျယ်အသစ်လေးတွေနဲ့၊ အမေကြီးတွေကဆို အင်္ကျီအသစ် အသင့်ချုပ်ပြီးထဘီအသစ်တွေနဲ့ဝင်လာကြတာ ယိမ်းတိုက်ထားသလိုပဲ။ လူနာရော၊ လူနာစောင့်ရော ဖော့ဘူးထဲမှာ ထမင်းနဲ့ဟင်းထည့်ပေးပြီး ဝေငှတာဆိုတော့ 'ဘာလိုသေးလဲ'လို့ပဲ အော်ရတော့မယ်။ အဲဒီပါရမီတွေကိုဆက်ပြီး ဖြည့်စွမ်းနိုင်ကြပါစေလို့ပဲ ဆုတောင်းပေးနေမိတယ်။ အဖွဲ့အစည်းတစ်ခု၊ အသင်းအဖွဲ့တစ်ခုတင်းပြီးတောင့်ခံနိုင်ဖို့ဆိုတဲ့ အချက်တွေ အများကြီးရှိတယ်။ အဘရေ၊ ရုပ်ဝတ္ထုပစ္စည်းဥစ္စာ ပြည့်စုံချမ်းသာရုံနဲ့မပြီး၊ အဲဒီအဖွဲ့သားတွေရဲ့ စိတ်စွမ်းအင် ပြည့်စုံမှုတွေလည်း လိုမှာပါ။ ငွေကြေးပြည့်စုံသူတွေဆိုတော့ မာန်မာနတွေတော့ရှိမှာပေါ့။ တစ်ခါတစ်ရံမှာ ဥစ္စာမာနရှင်နဲ့ ပညာမာနရှင်တွေ အားပြိုင်ကြတာမျိုးကိုလည်း ဒီလိုခရီးစဉ်တွေမှာ တွေ့ရတတ်သေးတယ်။ တချို့ခရီးစဉ်တွေဆိုရင် ခွဲစိတ်ကုသပေးတဲ့ ဆရာဝန်တွေကို သူတို့ခိုင်းတိုင်းရတဲ့ပုံစံမျိုးတွေနဲ့ ဆက်ဆံကြလို့ ပြဿနာတွေနဲ့ပြန်လာကြတာ ဟိုအဖွဲ့နဲ့ဆို မလိုက်ဘူး။ ဒီဆရာဝန်နဲ့ဆို အဆင်မပြေဘူး။ စေတနာမပါဘူး ဆိုတဲ့ အသံတွေလည်း ပြန်ကြားနေရတာပဲ။ တကယ်တော့လည်း ကိုယ်လုပ်ရမယ့် အလုပ်ကို အကောင်းဆုံးလုပ်ပေးသွားကြမယ်ဆိုရင် အရာရာ ပြေလည်သွားမှာပါ။ ဘာပဲဖြစ်ဖြစ် အဘရေ ချောင်းဆုံမှာတော့ ဒီအသံတွေ မကြားခဲ့ရပါဘူး။ 'လူ့အလိုကို နတ်မလိုက်နိုင်ဘူး'လို့ဆိုပေမယ့် ကျွန်မတို့ အားလုံးရဲ့ အလိုကို ရွှေပါရမီက လိုက်နိုင်လို့ အားလုံးရဲ့ကိုယ်စား ကျေးဇူးတွေတင်နေမိတယ်။

လိုက်လာကြတဲ့ ဆရာဝန်တွေအားလုံးကလည်း တန်ဖိုးရှိလှတဲ့အချိန်ကို ဉာဏ်စွမ်းရော ကိုယ်စွမ်းရောစိုက်ထုတ်ပြီး အကျိုးရှိရှိပေးဆပ်နိုင်ကြတယ်။ သည်းခံနိုင်စွမ်းတွေလည်း ရှိကြတယ်။ အတော်လေးစား အတုယူဖို့ကောင်းတဲ့ ဆရာကြီး ဆရာမကြီးတွေလည်း ပါလာတယ်။ ကျွန်မမှာတော့ ထုံးစံအတိုင်း စေတနာဇော၊ အလုပ်ဇောတွေကပ်ပြီး ပွစိပွစိနဲ့ ပြောမိဆိုမိ လောမိတာပဲ။ ဖြစ်လိုသမျှ အရာရာစိတ်တိုင်းကျ မဟုတ်တဲ့အခါ 'ယောနိသောမနသိကာရ'လို့တော့ နှလုံးသွင်းထားပါတယ် အဘရယ်။ ဒီလိုခရီးတွေ သွားရင်းနဲ့ 'ခန္တီပရမံ တပေါ တိ တိက္ခာ၊ နိဗ္ဗာနံ ပရမံ သုခံ ဝဒန္တာဗုဒ္ဓါ' သည်းခံခြင်းသည် မြတ်သောအကျင့်၊ နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာဆိုတဲ့ မြတ်စွာဘုရားရဲ့အဆုံးအမကို အမြဲနှလုံးသွင်းတယ်ဆိုတာတော့ ယုံကြည်ပါအဘရယ်။ 'ဆန္ဒကို သိက္ခာနှင့် ထိန်းပါ' ဆိုတဲ့ စိန်မြား Express ကားပေါ်က စာတန်းလေးလည်း ကျွန်မနှလုံးသားမှာ စွဲငြိနေပြီး ထာဝရမှတ်သားစရာ စကားလေးအဖြစ် ရင်ထဲမှာရှိနေမယ်လို့ ထင်ပါတယ်။

ဒါပေမယ့်လေ လက်ရှိအခြေအနေမှာ ခေတ်စနစ်တွေ မူဝါဒတွေပြောင်းလဲလာခဲ့ပြီ။ အရင်ကလို ကျွန်မတို့တစ်တွေ ရန်ကုန်ကမျက်စိဆရာဝန်တစ်လှေကြီးနဲ့ ခုတင် ၁၀ လုံးမှာ မိုက်ခရိုစကုပ် ၁၀ လုံး၊ လူနာ ၁၀ ယောက် တစ်ပြိုင်နက်ခွဲပြီး တစ်နေ့လူနာ ၂၀၀-၃၀၀၊ ခရီးစဉ်တစ်ခု လူနာ ၅၀၀ ကနေ ၇၀၀ ထိခွဲနိုင်ပြီး အောင်ပွဲအခမ်းအနားတွေ ခြိမ့်ခြိမ့်သဲကျင်းပနိုင်တယ်ဆိုတာတွေက အတိတ်မှာကျန်ခဲ့ရပြီ။ လက်ရှိ ပေါ်လစီအရ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်ကမျက်စိဆရာဝန်တွေ စုစည်းပြီး အဲဒီဒေသတွင်းကလူနာတွေကို ဒေသခံအာဏာပိုင်အဖွဲ့အစည်းနဲ့ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ဖို့ မူဝါဒတွေချမှတ်ထားတယ်လေ။ ဒါပေမယ့် ကျန်းမာရေးဝန်ကြီးဌာနရဲ့ စီမံခွင့်ပြုမှုအောက်မှာ ကျန်းမာရေးဝန်ထမ်းတွေရဲ့ အင်အားကိုပဲသုံးရတာဖြစ်လို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ပြယုဂ်၊ အလုပ်၊ ပုံရိပ်တွေသာဖြစ်ရပါတယ်။ ဒီတော့ ကျွန်မတို့တစ်တွေ တစ်နိုင်ငံလုံးလှည့်လည်သွားဖို့ မလိုအပ်တော့ဘူး၊ ကျွန်မတို့တွေ ၂၀၀၀ခုနှစ်ကစပြီး ၂၀၁၀ ထိအရှိန်အဟုန်ပြင်းပြင်းနဲ့ ခွဲစိတ်နိုင်ခဲ့လို့ (CSR) လို့ခေါ်တဲ့ အတွင်းတိမ်ခွဲစိတ်မှုနှုန်းထားတွေ အံ့မခန်းမြင့်တက်ခဲ့တာ ဂရပ်မှာကြည့်ရင် သိနိုင်ပါတယ်၊ ကျွန်မကြွားဝါပြောတာ မဟုတ်ရပါဘူး။အခုတော့ အဘရယ် ဒေသခံမျက်စိဆရာဝန်ဆိုတာ ရှိလှ တစ်ဦး၊ နှစ်ဦးပေါ့ ၊ ရခိုင်မှာဆို ပြည်နယ်တစ်ခုလုံးမှ နှစ်ဦးတည်းရှိတာ၊ တိုင်းဒေသကြီးနဲ့ပြည်နယ် မျက်စိဆရာဝန်တွေကို စုရင်တောင် ငါးယောက်လောက်ပဲရှိမှာဆိုတော့ သူတို့ခမျာလည်း လူစုလူဝေးကြီးကို တစ်ပြိုင်တည်းခွဲပေးဖို့မလွယ်သလို ဆေးရုံရဲ့ကိုယ်ပိုင်လူနာတွေနဲ့ တာဝန်ဝတ္တရားတွေကလည်း ရှိသေးတော့ တဖြည်းဖြည်းချင်း ခွဲစိတ်ပေးရမှာမို့ ကျွန်မတို့လိုချင်တဲ့ CSR နှုန်းထားဂရပ်ဟာ ပိုမြင့်လာမလား၊ ပိုကျသွားမလားဆိုပြီး ကျွန်မရဲ့ ဦးနှောက်သေးသေးနဲ့ ပူပူပန်ပန် တွေးနေမိသေးတယ်။

တကယ်တော့ ခွဲစိတ်နိုင်တဲ့ ဦးရေအရေအတွက်ထက်၊ ခွဲစိတ်မှုရဲ့ အောင်မြင်မှုရလဒ်ကသာ အဓိကပါ အဘရယ်။မျက်စိမှာက 'ကြား' ဆိုတာမရှိဘူးလေ။ မြင်ခြင်းနဲ့ မမြင်ခြင်းပဲရှိတာ။ မှားပြီဆိုပြီး ဘွာခတ်လို့မရဘူး ၊ ခွဲစိတ်မှုအောင်မြင်ခြင်းရဲ့ ရလဒ်ဆိုတဲ့ နေရာမှာ နံပါတ်(၁)က ဆရာဝန်ရဲ့ကျွမ်းကျင်မှုက အဓိကကျသလို နံပါတ်(၂)က လူနာရဲ့မျက်စိမှာ မူလကရေတိမ်ရောဂါ၊ ဆီးချို၊ သွေးတိုးကြောင့် အာရုံခံလွှာပျက်စီးနေသလား၊သွေးကြောပေါက်နေသလား၊ မြင်လွှာဗဟိုချက် ယိုယွင်းနေသလား၊ မြင်လွှာကွာနေသလား၊ မြင်လွှာဗဟိုချက်မှာ အမာရွတ်ဖြစ်နေသလား စတာတွေကို လူနာရွေးချယ်ကတည်းက သူငယ်အိမ်ချဲ့ရေချိန်တိုင်းပြီး သေချာစိစစ်ရွေးချယ်ထားရမှာမို့ အချိန်ပေးဖို့လိုတယ်။ နံပါတ်(၃) ကတော့ ခွဲစိတ်နေစဉ် လူနာရဲ့လိုက်နာနိုင်မှုအနေအထား (ငြိမ်ငြိမ်မနေတာ၊ ခွဲနေတုန်း ခေါင်းရမ်းပစ်တာ၊ထထိုင်တာ၊ ချောင်းဆိုးတာ၊ စကားမပေါက်တာ၊ ခွဲပြီးနောက်မှာလည်း ဆောင်ရန်ရှောင်ရန်တွေကို လိုက်နာမှုရှိ မရှိ၊ ထိခိုက်ဒဏ်ရာရမှု ရှိ၊ မရှိ) အဲဒီအချက်တွေပေါ်မှာ မူတည်နေပါတယ်။

ချောင်းဆုံမှာဆိုရင် အတွင်းတိမ်နဲ့ ရေတိမ်ရောနေတဲ့ လူနာတွေကို တွေ့ခဲ့ရပြီး အတော်သတိထား၊ ဆေးသွင်းပြီး ခွဲစိတ်ခဲ့ရပါတယ်။ ရေတိမ်ကိုမျက်စဉ်းဆေးဝါးနဲ့ အရင်ကု၊ ပြီးမှရေတိမ်ကိုခွဲစိတ်၊ နောက်မှအတွင်းတိမ်ကို ခွဲစိတ်မယ်ဆိုရင် ရလဒ်က ပိုကောင်းမှာပါ။ အခုတွေ့ခဲ့ရတဲ့ ရေတိမ်က ထောင့်ကျယ်ရေတိမ်ဖြစ်ပြီး ဘယ်အချိန်ကတည်းက ရေတိမ်ဝင်နေလဲဆိုတာမသိတော့ မြင်ကွင်းကပျက်နေပြီ။ ပိုက်လုံးခေါင်းလောက်ပဲ အမြင်အားကျန်တော့တာဆိုတော့ ခွဲစိတ်ပြီးလည်း ရလဒ်က မကောင်းနိုင်ဘူး၊ ဒီတော့နောက်တစ်ဖက်ကို အချိန်မီကုသမှုခံယူနိုင်ဖို့ ပညာပေးခဲ့ရပါတယ်။ အဲဒီလိုနဲ့ပဲ ချောင်းဆုံမြို့နယ်ထဲက ကျေးရွာတွေဖြစ်တဲ့ မုရစ်ကြီး၊ မုရစ်ကလေး၊ ကမာကေး၊ ကညော်မုဒွန်း၊ ရွာလွတ်၊ ကလော့၊ ကွမ်ရိုက်၊ နီးမုတ် စတဲ့ ရွာတွေက လူနာတွေ အတွင်းတိမ် ၁၈၀၊ မျက်သားတက်လူနာငါးဦးကို ခွဲစိတ်ပေးနိုင်ခဲ့တယ်။ ထုံးစံအတိုင်း အတွင်းတိမ်လူနာက ကျန်ခဲ့တာပါပဲ။ အဲဒီကျန်နေတဲ့ လူနာတွေကို ဒေါက်တာဥမ္မာရီက ဆက်လက်တာဝန်ယူခွဲစိတ်ပေးမှာမို့ စိတ်အေးရပါတယ်၊ ဒါ့အပြင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နဲ့တာဝန်ရှိသူတွေကလည်း ကျွန်မတို့အဖွဲ့ကို လာရောက်အားပေးခဲ့ကြပြီး ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက ကတော့ ခွဲစိတ်ခန်းထိ အားပေးခဲ့တာကြောင့် အားတွေရှိခဲ့ပါတယ်။

အဘနဲ့ ဒီပယ်ရာကျောင်းမှာတွေ့တော့ အဘတို့ အညာဒေသကိုလည်း ပြန်ကြည့်ကြပါဦးလို့ ပြောခဲ့တာ ကျွန်မမမေ့ပါဘူး။ အဘရယ် ကျွန်မက ရေနံချောင်းကြီး၊ နတ်မောက်သူပဲ၊ ကိုယ့်ဇာတိကို ဘယ်မေ့ပါ့မလဲ၊ ဒါပေမယ့် အဘတို့ကခေါ်တိုင်း၊ ကျွန်မတို့ကလာချင်တိုင်း လာလို့မရဘူးလေ။ နောက်တစ်ကြိမ် အညာခရီးစဉ်ရှိခဲ့ရင် အတွင်းတိမ်လည်းခွဲရင်းနဲ့ မျက်ခမ်းစပ်ရဲ့ နောက်ဆက်တွဲ (Trichiasis)လို့ခေါ်တဲ့ မျက်တောင်မွေးစိုက်လူနာတွေကိုလည်း ဖော်ထုတ်ကုသပေးမယ်ဆိုတာလေးလည်း လက်တို့လိုက်ပါဦး အဘရယ်။

မျက်စိအတွင်းတိမ်ဆိုတာကတော့ ဘယ်တော့မှကုန်သွားမှာမဟုတ်သလို ကျွန်မတို့ အသက်ရှင်ကျန်းမာနေသရွေ့ ၊ မအိုမနာသေးသရွေ့၊ ခေါင်းတုန်လည်တုန် မဖြစ်သေးသရွေ့ ပြည်သူတွေကို ကျွန်မတို့တတ်တဲ့ပညာနဲ့ ပေးဆပ်နေဦးမှာပါ အဘရေ။

ဒီတော့လည်းအဘရေ- တိမ်ရိပ်ကင်းစင်၊ ကြည်ရွှင်ဝင်းပ၊ ထွန်းသစ်လပမာ၊ "တကော့ခမှိုင်" လို့ခေါ်တဲ့ ဘီလူးကျွန်းရဲ့ အလှတရားတွေကဖြင့် အလင်းတံခါးသစ်ရဲ့အဖွင့်မှာ ထင်လင်းစွာ ပေါ်ထွန်းလာခဲ့ရပြီပေါ့။ အဲဒီနောက်မှာတော့ ကျေးဇူးတင်ထိုက်သူများကို ကျေးဇူးစကားဆိုချင်မိပါတယ်။ ဦးစွာ ရွှေပါရမီတောရဆရာတော်၊ တောင်ပေါ်ကျောင်းဆရာတော် ၊ မင်းကျောင်းဆရာတော်သုံးပါးကို ဦးတင်လိုက်ရပါတယ်။ အဲဒီနောက်မှာ ကျွန်မတို့ကို တာဝန်ပေးစေလွှတ်ခဲ့တဲ့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွှန့်နှင့်တာဝန်ရှိသူများ၊ ရွှေပါရမီအဖွဲ့မှ ဦးရှိန်ဝင်းနဲ့ အလုပ်အမှုဆောင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးကျော်အောင်နှင့် ဆေးရုံဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားရင်းနဲ့ပဲ မွန်ပြည်နယ်ကြီးတစ်ခုလုံးသာမက ကျွန်မတို့ နိုင်ငံသူနိုင်ငံသားအားလုံး သင့်သင့်မြတ်မြတ်၊ ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာ၊ ကိုယ်ချင်းစာလျက်၊ သဒ္ဒါကြည်ဖြူကူညီစောင်မနိုင်ကြပါစေ၊ စိတ်သစ်လူသစ် အမြင်သစ်အတွေးသစ် စနစ်သစ်နဲ့အတူ ငြိမ်းချမ်းသော လောကသစ်ကြီးဆီသို့အရောက်လှမ်းနိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ရပါတော့တယ်။ ။

21-6 (07).pmd 1 6/21/2012, 2:42 AM





## မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြုစာပေဟောပြောပွဲ ဒဂုံမြို့နယ်၌ကျင်းပ

**ရန်ကုန် ဇွန် ၂၀**

၂၀၁၂ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ စာပေဟောပြောပွဲအခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် အထက(၂) ဦးဘလွင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး **(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး စာရေးဆရာ မြင်းမူမောင်နိုင်မိုးက ဘဝထဲက ကဗျာ၊ ကဗျာထဲက ဘဝ၊ ဆရာမဒေါ်ကြူကြူသင်းက ဥယျာဉ်မှူးရဲ့ပျိုးခင်းသာ၊ ဆရာလယ်တွင်းသားစောချစ်က မြန်မာအမျိုးသမီးနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအကြောင်းတို့ကို ဟောပြောကြသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး၊ခရိုင်တို့မှ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(၁၂၂)**

## အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်ကိုဂုဏ်ပြုကြိုဆို စုပေါင်းသစ်ပင်စိုက်ပျိုး

**ရန်ကုန် ဇွန် ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်သမဝါယမဦးစီးဌာနမှ အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၇ ရက်က ကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဦးခင်မောင်ဝင်းနှင့် ငွေလမင်း အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်းဥက္ကဋ္ဌ ဦးမြင့်တို့က အမှာစကားပြောကြားပြီး တက်ရောက်လာသော အသင်းသားများ၊ ဌာနဝန်ထမ်းများနှင့်အတူ အရိပ်ရအပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

**(မြို့နယ် သ/မ)**

## ကျေးဇူးတင်ပါသည် မနလ

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

*အတိုကောက်ကတော့ မနလ၊ အပြည့်အစုံကတော့ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံး။ တစ်နေ့က မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းတိုးရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် စက်မှု(၁)လမ်းထောင့်ရှိ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသို့ သွားရောက်ခဲ့သည်။ ယခင်တစ်ခေါက်က ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းတွင်တည်ရှိသော မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် သက်တမ်းတိုးခဲ့ရသည်။ အသစ်လာရောက်လျှောက်ထားသူများ၊ သက်တမ်းတိုးသူများနှင့် ရုံးအဆောက်အအုံခပ်ကျဉ်းကျဉ်း သုံးထပ်စလုံးတွင် လှေကားအတက်အဆင်းများနှင့် ပင်ပန်းခဲ့ရသည်။ ပထမဆုံးစတင်လျှောက်ထားစဉ်ကဆိုလျှင် အချိန်သုံးရက်ကြာမြင့်ခဲ့ရသည်။ ပထမတစ်ရက် ဓာတ်ပုံရိုက်၊ လျှောက်လွှာဝယ်ပြီးပြန်၊ ဒုတိယတစ်ရက် ဆူးလေဘုရားလမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ငွေသွင်း၊ ချလန်ယူ၊ တတိယရက်တွင် လျှောက်လွှာတင် စိစစ်ခံပြီး လက်ခံဖြတ်ပိုင်း စလစ်ရယူခဲ့ရသည်။ နိုင်ငံကူးလက်မှတ်ရဖို့ အချိန်တစ်လကြာမြင့်ခဲ့ရသည်။*

*ယခုမူ အသွင်ပြောင်းနေပြီကို မြင်တွေ့ခဲ့ရသည်။ ရုံးအတွင်းဝင်စမှာပင် အမျိုးသား၊ အမျိုးသမီး ခွဲခြားဝင်ရန်အတွက် ကျယ်ဝန်းသော လျှောက်လမ်းရှိနေသည်။ လမ်းလျှောက်ရန် အခက်အခဲရှိသူများ၊ မသန်စွမ်းသူများအတွက် ဘီးတပ်ကုလားထိုင်များ အသင့်ပြုလုပ်ပေးထားသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ ရုံးတွင်းဝင်ရောက်လာသူတိုင်း၏ နိုင်ငံသားမှတ်ပုံတင်ကို Scan ဖတ်ယူခြင်း၊ တစ်ဦးချင်းဓာတ်ပုံရိုက်ယူခြင်းကို ဝန်ထမ်းများက လွယ်လင့်တကူ ဆောင်ရွက်ပေးပြီးသည်နှင့် ကျယ်ဝန်းသောရုံးအဆောက်အအုံအတွင်း ရောက်ရှိခဲ့သည်။ အမျိုးသမီး၊ အမျိုးသားခွဲခြား၍ ဓာတ်ပုံရိုက်ခန်း လေးခုရှိသည်။*

*ရုံးခန်းကျယ်ကြီးအတွင်း ဗီနိုင်းကားချပ်ကြီးများပေါ်တွင် ပီပြင်ထင်ရှားသော စာလုံးကြီးများဖြင့် မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားသူများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် (၆)ချက်ကို ရေးသားဖော်ပြချိတ်ဆွဲထားသည်။ (၁)ပုံစံထုတ်ယူရန်၊ (၂) ဓာတ်ပုံရိုက်ရန်၊ (၃) မြန်မာ့စီးပွားရေးဘဏ်တွင် မနလ စာအုပ်ဖိုးပေးသွင်းရန်၊ (၄) လူဝင်မှုကြီးကြပ်ရေးကောင်တာတွင် နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ အိမ်ထောင်စုစာရင်းမူရင်းနှင့် မိတ္တူတို့ကိုပြသ၍ စိစစ်မှုခံယူရန်၊ (၅) ထုတ်ယူထားသည့်ပုံစံများ ဖြည့်သွင်း၍ ရေးဖြည့်ဌာနစိတ်တွင် ပုံစံစီရန်၊ (၆) ပုံစံလက်ခံကောင်တာတွင် ပုံစံများတင်၍ လက်ခံဖြတ်ပိုင်း (စလစ်)ရယူရန်တို့ဖြစ်သည်။ ပေးဆောင်ကုန်ကျမည့် ငွေအရေအတွက်ကိုလည်း အတိအကျရေးသားဖော်ပြထားသည်။ လျှောက်လွှာပုံစံများတွင် မည်သို့မည်ပုံ ဖြည့်စွက်ရေးသားရမည်ကိုလည်း ပုံစံနမူနာများဖြင့် ရေးသားဖော်ပြထားသည်ကို တွေ့မြင်ရသည်။*

*မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးမှ ဌာနခွဲမှူး ရဲမှူးစိုးထွန်းအောင်က “မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားသူတွေကို One Stop Service စနစ်နဲ့ ဆောင်ရွက်ပေးနေပါတယ်။ ဓာတ်ပုံရိုက်တာကို နောက်နေ့မကူးဘဲ တစ်နာရီအတွင်း ပြီးစီးပြီး၊ မြန်မာ့စီးပွားရေးဘဏ်ကိုလည်း ရုံးအတွင်းမှာပင် ဖွင့်လှစ်ပေးထားတဲ့အတွက် တစ်နေရာတည်းမှာ တစ်နေ့တည်းနှင့် အပြီးဆောင်ရွက်ပေးလျက်ရှိပါတယ်။ လျှောက်လွှာလက်ခံဖြတ်ပိုင်းရတဲ့နေ့မှ ရက်သတ္တပတ် သုံးပတ်၊ ၂၁ ရက်အကြာမှာ နိုင်ငံကူးလက်မှတ်ထုတ်ပေးမှာဖြစ်ပါတယ်။ လျှောက်ထားရာမှာ ယူဆောင်လာရမယ့် စာရွက်စာတမ်းများ အပြည့်အစုံ ယူဆောင်လာဖို့သာ လိုအပ်ပါတယ်။ လျှောက်လွှာပုံစံမှာ တိကျမှန်ကန်စွာ ဖြည့်စွက်မှုမရှိရင်တော့ နိုင်ငံကူးလက်မှတ်ရရှိရေးအတွက် ကြန့်ကြာနိုင်ပါတယ်။ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာမှာ ခက်ခဲပြီး ကြန့်ကြာကြောင်း ပြောဆိုတဲ့ ပွဲစားတွေရဲ့ လှည့်ကွက်မှာ ပြည်သူများပါမသွားဖို့ လိုပါတယ်။ အခက်အခဲရှိသည်ဆိုရင် ညွှန်ပြကူညီပေးမှာ ဖြစ်ပါတယ်။ လျှောက်လွှာပုံစံတွင် လိမ်ညာဖြည့်သွင်းခိုင်း၍ စိစစ်တွေ့ရှိရင် ကြန့်ကြာနိုင်ပါတယ်”ဟု ရှင်းပြသည်။*

*သံဃာတော်များ၊ သီလရှင်များ၊ ကလေးငယ်များနှင့် အသက် ၆၀ နှင့်အထက် လူပုဂ္ဂိုလ်များအတွက် သီးသန့်ကောင်တာ နှစ်ခုဖွင့်လှစ်ကာ ဆောင်ရွက်ပေးလျက်ရှိသည်ကို မြင်တွေ့ရသည်။ မနလရုံးကို အစိုးရ ရုံးပိတ်ရက်များမှအပ တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၇ နာရီခွဲမှ ညနေ ၃ နာရီအထိ ဖွင့်လှစ်ပြီး စနေနေ့တွင်မူ ဘဏ်ဖွင့်လှစ်ခြင်းမရှိဘဲ နံနက် ၈ နာရီမှ နံနက် ၁၁ နာရီခွဲအထိ အခြားဝန်ဆောင်မှုများနှင့် နိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်းကို ဆောင်ရွက်ပေးကြောင်း သိရသည်။ မနလရုံးနေရာ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည့် ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၁၂ ခုနှစ် မေ ၃၁ ရက်အထိ ၁၁ လအတွင်း မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားသူပေါင်း ၂၂၂၆၄၀ ရှိရာ ၂၂၁၅၆၆ ဦးကို နိုင်ငံကူးလက်မှတ်ထုတ်ပေးခဲ့ကြောင်း သိရှိရသည်။ စာရေးသူ၏ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးလျှောက်ထားခြင်းကို နံနက် ၁၀ နာရီမှ စတင်လုပ်ဆောင်ခဲ့ရာ မွန်းလွဲ ၂နာရီ ၁၀မိနစ်တွင် လက်ခံဖြတ်ပိုင်း(စလစ်) ရရှိခဲ့၍ အချိန်မကုန် လူမပင်ပန်းဘဲ (အပေါ်ထပ်၊ အောက်ထပ်တက်ဆင်းခြင်း မလုပ်ရသဖြင့်) တစ်နေ့တည်း ဆောင်ရွက်ပြီးစီးခဲ့သောကြောင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး ရုံး၏ One Stop Service စနစ်အတွက် မနလအား အထူးကျေးဇူးတင်ပါကြောင်း ကိုယ်တွေ့ကြုံ သတင်းမှတ်စုအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ။*

## ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်းဖွဲ့စည်း

**ညောင်လေးပင် ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်းဖွဲ့စည်းရေး အခမ်းအနားကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၁၃ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စန်းစန်းဝင်း၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်သန်း(ညောင်လေးပင်) တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်းအလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်ကြရာ ဥက္ကဋ္ဌ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင် (သိန်းအောင်ဦး-ညောင်လေးပင်)၊ အတွင်းရေးမှူး ဦးနေလင်း (သတင်းထောက်နေလင်း -ညောင်လေးပင်)၊ ဘဏ္ဍာရေးမှူး ဦးဟိန်းထက်အောင် (သစ္စာအရိပ် -ညောင်လေးပင်)၊ အဖွဲ့ဝင်ဦးသိန်းညွန့် (ပိန်းဇလုပ်သိန်းညွန့်) တို့အား ရွေးချယ်ပြီး ညီလာခံကိုယ်စားလှယ်အဖြစ် ဒေါက်တာမြင့်သန်း (ညောင်လေးပင်)ကို ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။ **(၁၃၈)**



## သမဝါယမနှစ်အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၀**

အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် သမဝါယမအသင်းစုက ကြီးမှူးကျင်းပသော စာစီစာကုံးပြိုင်ပွဲကို ကမာရွတ်မြို့နယ် အမှတ် (၆) ရပ်ကွက် နာနတ်တောလမ်းရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ဇွန် ၁၅ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ပြိုင်ပွဲကျင်းပရာသို့ မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်တင်တင်ဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်စန္ဒာအောင်၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနွဲ့၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမောင်မောင်အုံးနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ ပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(၁၆၃)**

## ဘဏ်လုပ်ငန်းဆိုင်ရာ စာရင်းထိန်းသိမ်းရေးသင်တန်းဖွင့်

**တောင်ငူ ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ဘဏ်လုပ်ငန်းဆိုင်ရာ စာရင်းထိန်းသိမ်းရေးသင်တန်း၁/၂၀၁၂ ဖွင့်ပွဲကို တောင်ငူခရိုင် ဘဏ်ခွဲ၌ ဇွန် ၁၁ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး မန်နေဂျာ ဦးသိန်းဖေက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး **(ယာပုံ)**၊ ခရိုင်မန်နေဂျာ ဦးညွန့်ဆွေက သင်တန်းဖွင့်လှစ်ပို့ချနိုင်မှု အခြေအနေကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ပဲခူးတိုင်းဒေသကြီး (အရှေ့)ရှိ ဘဏ်ခွဲများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာမည်ဖြစ်ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**



## စာရေးကိရိယာများ မင်းဘူး၌ လှူဒါန်း

**မင်းဘူး ဇွန် ၂၀**

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများရှိ ပျံကျဈေးသည်များနှင့် အနေးယာဉ်မောင်းများ၏ သားသမီးများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၆ ရက် နံနက် ၈ နာရီခွဲက မင်းဘူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးက အမှာစကားပြောကြားပြီး မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ကျောင်းဝတ်စုံနှင့်စာရေးကိရိယာပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများက ကျောင်းသား ကျောင်းသူ ၁၉၂ ဦးတို့အား တန်ဖိုးငွေကျပ် ၇၀၁၉၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ်ထွေ/အုပ်)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

## အိမ်မဲမြို့နယ် ရောင်ခြည်ဦးစာကြည့်တိုက်သို့ စာအုပ်စာစောင်များလှူဒါန်း

**အိမ်မဲ ဇွန် ၂၀**

မြောင်းမြခရိုင် အိမ်မဲမြို့နယ် အင်းတမိကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက်သို့ စာအုပ် စာစောင်လှူဒါန်းပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာဝင်းက အမှာစကားပြောကြားပြီး မြောင်းမြခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှကြည်က စာဖတ်ရခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အိမ်မဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ရီက စာအုပ်စာစောင် ၁၅၅အုပ်နှင့် ဌာနဆိုင်ရာများက စာအုပ်စာစောင် ၂၇၀တို့ကို လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကျော်ရွှေက လက်ခံယူသည်။ အဆိုပါစာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေနှင့် ပြည်သူထည့်ဝင်ငွေကျပ်၂၁သိန်းကျော်ဖြင့် တည်ဆောက်ခဲ့ပြီး စာကြည့်တိုက်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာဝင်း၊ မြောင်းမြခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှကြည်၊ အင်းတမိကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သဲကုန်းမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**သဲကုန်း ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ၂၀၁၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၈ နာရီက ရွာထောင်ကုန်းကျေးရွာ အ-မ-က ကျောင်းဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းသန့်က သစ်ပင်စိုက်ပျိုးပွဲကျင်းပရခြင်းနှင့် သဲကုန်းမြို့နယ်အတွင်း သစ်ပင်ဖြန့်ဝေ စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ NGO အဖွဲ့အစည်းများနှင့် ကျေးရွာပြည်သူများသို့ ကျွန်း၊ ယူကလစ်၊ မဲဇလီ၊ အော်ရီရား၊ ပျဉ်းမ စသည့်ပျိုးပင်ပေါင်း ၁၅၀၀ ကျော်ကို ဖြန့်ဝေပေးပြီး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ယာပုံ)**

**(မြို့နယ်သစ်တော)**



# Asean Economic Community (AEC)
## အလုပ်ရုံဆွေးနွေးပွဲ ဖိတ်ကြားခြင်း

၂၀၁၅ ခုနှစ်တွင်ဖြစ်ပေါ်လာမည့် Asean Economic Community (AEC) အာဆီယံစီးပွားရေးအသိုက်အဝန်းအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် AEC အလုပ်ရုံဆွေးနွေးပွဲကို ခမ်းခမ်းနားနား ကျင်းပမည်ဖြစ်ပါသည်။ AEC ဆိုတာဘာလဲ၊ AEC ကြောင့် ဘယ်လိုအခွင့်အလမ်းတွေ၊ ဘယ်လို စိန်ခေါ်မှုတွေ ဖြစ်ပေါ်လာမလဲ? ဘယ်လို ရင်ဆိုင်သင့်လဲ?

တိုင်းရင်းချစ်ပြည်ချစ်စိတ်ရှိသူမြန်မာလုပ်ငန်းရှင်များ၊ အဆင့်မြင့်စီမံခန့်ခွဲသူများ၊ ကျွမ်းကျင်ပညာရှင်များ၊ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင်ရေးအတွက် ပထမဆုံးအကြိမ်ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲကြီးသို့ ဝန်ထမ်း(၅၀)နှင့်အထက်ရှိသောစီးပွားရေးလုပ်ငန်းများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်စာရင်းပေးသွင်းရန်**

PT & MM Event Ads Co., Ltd
#14-02, Sakura Tower, Sule pagoda Road,
Yangon, Myanmar. Tel : 255104, 255106
Email : ptandmm@gmail.com

**ကျင်းပမည့်အစီအစဉ်**

နေ့ရက် ။ ၂၀၁၂ခုနှစ်၊ ဇူလိုင်လ ၅ ရက်၊ (ကြာသပတေးနေ့)
အချိန် ။ နံနက် (၉း၀၀) နာရီ မှ ညနေ (၅း၀၀) နာရီထိ
နေရာ ။ GRAND BALLROOM II, CHATRIUM HOTEL

လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းထားပါရန်။




### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

### St. Paul's Day နှစ်လယ် ညစာစားပွဲကျင်းပမည်

စိန့်ပေါလ်ကျောင်းသားဟောင်းများ၏ ၂၀၁၂ ခုနှစ် နှစ်လယ်ညစာစားပွဲကို ၂၉-၆-၂၀၁၂ ရက်(သောကြာနေ့)ညနေ ၆ နာရီတွင် ဗဟန်းမြို့နယ်ရှိ M.3 စားသောက်ဆိုင်တွင် ကျင်းပမည်ဖြစ်ပါသည်။ ညစာစားပွဲလက်မှတ်များကို ဦးဟန်ထွန်းမောင်(စိန်လှို) ၅၄၈၄၈၂၊ ၅၅၁၅၂၀၊ ဦးကျော်လင်း ၅၀၁၅၄၆၊ ဦးစံရွှေ ၀၉-၅၀၈၀၃၈၆၊ ဦးချစ်လှိုင် ၀၉-၇၃၁၇၅၁၆၆၊ ဦးမောင်မောင်မြင့်ကျော် ၀၉-၇၃၂၂၄၀၄၀၊ ဦးမောင်မောင် ၀၉-၅၀၀၉၉၁၅၊ ဦးကျော်ဦးမြင့် ၀၉-၇၃၁၅၇၇၃၇၊ ဦးခင်စိန် ၀၉-၄၂၁၀၂၈၁၀၁၊ ဦးမြင့်ထွန်း(ကိုလတ်)၀၉-၅၁၀၁၇၅၁ တို့ထံတွင် ဝယ်ယူနိုင်ပါသည်။




### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်၊ အမှတ်(၄၀/ခ)၊ မန္တလေးလမ်းဟု ခေါ်တွင်သောနေအိမ်တွင် ကျွန်တော်နှင့်တရားဝင်ပေါင်းသင်းနေထိုင်လျက်ရှိသည့် ဇနီးဖြစ်သူ ဒေါ်ကျန်ဒါရာဝသီ ၇/ကတခ(နိုင်)၁၁၀၆၉၆ ဖြစ်သူသည် ကျွန်တော့်အား တစ်စုံတစ်ရာပြောဆိုခြင်းမရှိဘဲ မြေကွက်နေအိမ်ပိုင်ဆိုင်မှု အထောက်အထားနှင့် အိမ်ထောင်စုလူဦးရေစာရင်း၊ အဖိုးတန်ပစ္စည်းများယူဆောင်၍ ကျွန်တော်၏တူအရင်းဖြစ်သူ ကရစ်ရှနားကျန်(၅)နှစ်ကိုပါ တစ်ပါတည်းခေါ်ဆောင်၍ ထွက်ခွာသွားပါသည်။ သို့ပါ၍ အထက်ပါ ကျွန်တော်ပိုင် မြေနေအိမ်တို့နှင့်ပတ်သက်ပြီး ဒေါ်ကျန်ဒါရာဝသီထံမှ လွှဲပြောင်းရယူခြင်း၊ လွှဲပြောင်းခြင်း တစ်စုံတစ်ရာ မပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရမ်းနတ်
၁၂/လသယ(ပြု)၀၀၀၅၁၃
အမှတ်(၄၀/ခ)၊ မန္တလေးလမ်း၊ (၁၄)ရပ်ကွက်
လှိုင်သာယာမြို့နယ်

### ဖခင်အမည်မှန်

ဇေယျာသီရိမြို့နယ်၊ အလယ်တန်းကျောင်း(ခွဲ)ခေတ်အေး၊ ဒုတိယတန်းတွင် ပညာသင်ကြားနေသော မမိုးဝတီထွန်း၏ ဖခင်အမည်မှန်မှာ ဦးနေမျိုးဟိန်း ၈/တတက(နိုင်)၁၄၉၂၁၅ ဖြစ်ပါသည်။

### အမည်ပြောင်း

အထက(၁)ဒဂုံ ဆဋ္ဌမတန်း(D)တွင် ပညာသင်ကြားလျက်ရှိသော မသန်းသန်းဆွေ (ဘ) ဦးသန်းအေးအား ယနေ့မှစ၍ မနှင်းသီရိပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မနှင်းသီရိပိုင်**

**သင့်သွေးဖြင့် အသက်ကယ်ပါ**


21-6 (12).pmd 1 6/21/2012, 2:42 AM

ဘုရားဖူးခရီး 1550 USD

PEARL LAND TRAVELS & TOURS CO., LTD.

## ဖခင်အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊ အမက (၈)၊ ဒုတိယတန်းမှ မောင်မြင့်မြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးထွန်းခင်ဖြစ်ပါသည်။ **ဦးထွန်းခင်**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကိုဝင်းလှုံ၏ နိုင်ငံကူးလက်မှတ် M-358653 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။

ဖုန်း-၀၉-၇၃၁၀၄၄၅၂

SUCCESS LANGUAGE ACADEMY

IELTS Four Skills

## မွေးနေ့ဆုမွန်

သွဲ့ (ခ) ရင်သွေးငယ် (ခ) Angel Win

၂၀-၆-၂၀၁၂ ရက်တွင် ကျရောက်ခဲ့သော မွေးနေ့မှ နောင်နှစ်ပေါင်းများစွာ ပျော်ရွှင်ချမ်းမြေ့ပါစေ-

**ဖေဖေ၊ မေမေ၊ မောင်လေး သံသာ (ခ) Elvis**

**ညောင်ဦးမြို့**

## စီးပွားရေးတက္ကသိုလ် ၁၉၈၄-၁၉၈၅ ဘွဲ့ရများအသင်း၏ (၁၃)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲ ဖိတ်ကြားခြင်း

| | | |
|---|---|---|
| နေ့ရက် | - | ၂၄-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) |
| အချိန် | - | ညနေ ၃ နာရီ |
| နေရာ | - | လင်းရောင်နီခန်းမ အမှတ်(၄/၆/၁၉၅၄)၊ တပင်ရွှေထီးလမ်းသွယ်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |
| ဆက်သွယ်ရန် | - | ကိုစံကျော်သူ ဖုန်း-၀၉-၄၉၂၁၁၈၆၇၊ ကိုကျော်ဆန်းဦး ဖုန်း-၀၉-၄၉၅၁၂၁၅၉ |

ဦးအောင်ဝင်း

LCCI

Aircon




| | | |
|---|---|---|
| | မော်ကွန်းဥဒါန်း | |
| | မော်ကွန်းဥဒါန်း | |
| | မော်ကွန်းဥဒါန်း | |
| | 407 DARK FLIGHT | |
| | MIB³ MEN IN BLACK 3 | WILL SMITH TOMMY LEE JONES JOSH BROLIN |
| | THE AVENGERS | |






REPEATER

ဒေါက်တာဆရာမြင့် (စကြာမင်း)

အရိုးအဆစ်ကျိုးပေါင်းရောဂါ လေ့ကျင့်ကာကွယ်ကုသနည်းများ

Edexcel ၏ HND Engineering သင်တန်းများနှင့် Foundation သင်တန်းများ

- Marine Engineering
- Construction and Built Environment (Civil Engineering)
- Electrical and Electronic Engineering
- Mechanical Engineering
- Manufacturing Engineering

20% Disc

TECH

## ပျောက်ဆုံးကြောင်း

ကျွန်မ မခင်ခင်ဝင်း၏ ပတ်စ်ပို့ နံပါတ် A-212846 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၉၃၄၃၇၄၄

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ် ကျွန်စစ်သားရပ်ကွက်၊ မြေကွက်အမှတ် (၄၈၃+၄၈၄)၊ (၄၈၅+၄၈၆)၊ အကျယ်အဝန်းတစ်ကွက်လျှင် (ပေ ၅၀×ပေ ၅၀)၊ နှစ် ၆၀ဂရန်မြေကွက်နှစ်ကွက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သည့် ဦးသိန်းဇံ ၁၂/ပဘတ(နိုင်)၀၀၅၃၈၉ နှင့် ဦးထိန်ဝင်း ၁၂/ပဘတ(နိုင်)၀၀၅၃၈၁ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သဲစုထွေး(LL.B,D.B.L,D.M.L,D.I.L)** | **ဦးမြတ်ထွန်း(B.Sc,R.L)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဥ်-၂၇၁၂၈)** | **(စဥ်-၃၆၉၀)** |

**အမှတ် ၅၅၊ ၁၄ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**

**ဖုန်း-၇၃၀၇၂၂၂၁၊ ၆၅၀၉၀၃**

# ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့

## ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးအား လာရောက်တွေ့ဆုံ

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးအား ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး Research and Right to Development Division မှ ညွှန်ကြားရေးမှူး Ms. Marcia Kran ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)



**နေပြည်တော် ဇွန် ၂၀**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးအား ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး Research and Right to Development Division မှ ညွှန်ကြားရေးမှူး Ms. Marcia Kran ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ဧည့်ခန်းမ(၁)၌ လာရောက်တွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသာဌေး၊ ဦးစိုးညွန့်၊ ဦးမြသိမ်း၊ ဦးမြင့်ဟန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

**ထစ်ချုန်းမိုး**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

# ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား လာရောက်တွေ့ဆုံ

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ Research and Right to Development Division မှ ညွှန်ကြားရေးမှူး Ms. Marcia Kran ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)



**နေပြည်တော် ဇွန် ၂၀**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ Research and Right to Development Division မှ ညွှန်ကြားရေးမှူး Ms. Marcia Kran ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်း၊ နိုင်ငံတကာဆက်ဆံရေးရာကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး မောင်မောင်ထူးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာ၌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းက လွှတ်တော်တွင် ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ ဖွဲ့စည်းထားခြင်းနှင့် ပြည်ထောင်စုအစိုးရကလည်း လူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး လွှတ်တော်နှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးတို့အကြား လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်မှုအကူအညီပေးရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများနှင့် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများ ရေးဆွဲရာ၌ ရေရှည်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများလှူဒါန်း

**ရန်ကုန် ဇွန် ၂၀**

ရခိုင်ပြည်နယ်တွင် လတ်တလော ဖြစ်ပေါ်နေသော အခြေအနေ အရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများလတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဗိုလ်မှူးကြီး အောင်မြင့်(ငြိမ်း)-ဒေါ်ဥမ္မာမိသားစု ရန်ကုန်မြို့က ငွေကျပ် ၂၅ သိန်း၊ စွမ်းရည်ဖွံ့ဖြိုးမှု ဖောင်ဒေးရှင်းက ငွေကျပ်လေးသိန်းတန်ဖိုးရှိ အဝတ်အထည်နှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး-ဒေါ်မြင့်မြင့်ခိုင် မိသားစုက ငွေကျပ်ငါးသိန်း၊ Friends Social Donation Group (FSDG) အဖွဲ့က ငွေကျပ် ကိုးသိန်း လေးသောင်းတန်ဖိုးရှိ အဝတ်အထည် ၁၃ အိတ်၊ ခေါက်ဆွဲခြောက်ဖာ ၁၀၀၊ ဆေးဝါးပစ္စည်း တစ်ဖာ၊ လူသုံးကုန်/စားသောက်ကုန် ၁၃ ဖာ၊ စောင်နှစ်တွဲ၊ မျက်နှာသုတ်ပဝါ နှစ်ထုပ်၊ သွားတိုက်ဆေး တစ်ဖာ၊ ဦးလှထွန်း "မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း"က ငွေကျပ် ၁၀သိန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်းနှင့် ဇနီး ဒေါ်စန်းစန်းလွင် မိသားစုနှင့် ဦးအောင်ကျော်စိုး ကြယ်ဖြူဆန်စက် (တိုက်ကြီးမြို့)တို့က ငွေကျပ် တစ်သိန်းစီ၊ ဦးမောင်မောင်သန်း-ဒေါ်ခင်ဝင်းရီ မိသားစုက ငွေကျပ် ငါးသောင်း၊ ဦးမျိုးဝင်းလှိုင် (ဒါရိုက်တာ) မြန်မာ့သြဘာလုပ်ငန်းက ငွေကျပ် သိန်း ၃၀ တန်ဖိုးရှိ ဗလာစာအုပ် ဒါဇင် ၁၀၀၀၊ ဦးသိန်းအောင်နှင့်ဇနီး ဒေါ်ခင်ခင်သိန်း မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးခင်မောင်သန်း-ဒေါ်မြတ်ရတနာ မိသားစုက ငွေကျပ် သုံးသောင်း၊ ကိုခင်မောင်သက်-မအေးအေးလွင်

စာမျက်နှာ ၉ ကော်လံ ၅ ▲

**ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် မီးသတ်ဦးစီးဌာန (ရုံးချုပ်)၌ အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများကို အလှူရှင်များက ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)



## အများပြည်သူသို့ အသိပေးကြေညာချက်

**၁။ ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများ အရည်အသွေးပြည့်မီ၍ ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်ကို ရရှိစားသုံးနိုင်ရေးအတွက် အမျိုးသားအစားအသောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲလျက်ရှိပါသည်။**

**၂။ ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသမှတစ်ဆင့် တရားမဝင်တင်သွင်းလာသည့် စားသုံးဆီများတွင် အသုံးပြုပြီး ဆီအရောများကို ပြန်လည်ပြုပြင်ထားသော ဆီများကို စစ်ဆေးတွေ့ရှိရပါသည်။**

**၃။ အဆိုပါဆီများမှာ ကျန်းမာရေးဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် တရားဝင်တင်သွင်းလာခြင်းမဟုတ်ပါ၍ အများပြည်သူစားသုံးရန်မသင့်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

21-6 (20).pmd 1 6/21/2012, 2:42 AM